# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လဆန်း (၅) ရက် ၊ အင်္ဂါနေ့ ၊ (23-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။


၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ရှိ ရွှေဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း"ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိ သမိုင်းဝင်ကျိုက်ပညာယျစေတီတော်မြတ်ကြီး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ် ဥသာမြို့သစ် ပဲခူးတက္ကသိုလ်အနီးတွင် တည်ထားကိုးကွယ်သည့် နှစ်ပေါင်း ၁၀၀၀ ကျော်သက်တမ်းရှိပြီဖြစ်သော သမိုင်းဝင်ကျိုက်ပညာယျစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုကာ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် သမိုင်းဝင်စေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# မုန်တိုင်းလွန်သော်

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကို ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် ရှိနေစဉ် မေ ၇ ရက်မှာပင် ကြိုတင်သိရှိခဲ့ပြီး သတိပြုစောင့်ကြည့်ကာ သတိပေးချက်များကို အဆက်မပြတ်ထုတ်ပြန်ပေးခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မေ ၁၁ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိလာခဲ့ပြီး လိမ္မော်ရောင်အဆင့် သတိပေးထုတ်ပြန်ချက် ထိုမှ မေ ၁၃ ရက်တွင် အနီရောင်အဆင့် သတိပေးထုတ်ပြန်ချက်များကို အသီးသီးထုတ်ပြန်ကာ သဘာဝဘေးအန္တရာယ်မှ ကာကွယ်မှုနည်းလမ်းများကို မုန်တိုင်းမဝင်ရောက်မီတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိခဲ့ကြောင်း တွေ့ရသည်။

သဘာဝဘေးကျရောက်မည့်ဒေသမှ နေထိုင်သူအများစုကို ဘေးလွတ်ရာသို့ကြိုတင်ရွှေ့ပြောင်းပေးနိုင်ခဲ့သဖြင့် အသက်အန္တရာယ်ထိခိုက်မှုမှ ကင်းလွတ်ခဲ့ကြသော်လည်း ရွှေ့ပြောင်းပေးမှုကို ငြင်းဆန်ခဲ့သူတချို့မှာ သဘာဝဘေးကျရောက်သောအခါ သေဆုံးခဲ့ရသည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြောင်းလည်း ဝမ်းနည်းဖွယ်တွေ့ရပေသည်။

မေ ၁၄ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) ဝင်ရောက်တိုက်ခတ်ခဲ့သောအခါ တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ ရေကြီးခြင်း၊ သစ်ပင်များပြိုလဲခြင်း၊ အဆောက်အအုံတချို့နှင့် တာဝါတိုင်များ ပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။ မေ ၁၉ ရက် ညနေပိုင်းထိ ကောက်ယူရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုနှင့်သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေး တစ်ခု၊ လေဆိပ်အနေဖြင့် စစ်တွေလေဆိပ် နှင့်ကျောက်ဖြူလေဆိပ်၊ ဌာနဆိုင်ရာ အဆောက်အအုံ အလုံး ၃၄၀ ပျက်စီးခဲ့ပြီး သေဆုံးသူ ၁၄၅ ဦးရှိကြောင်း တွေ့ရသည်။

မုန်တိုင်းနှင့် ပြည်သူတို့ ရင်ဆိုင်တွေ့ကြရာတွင် မုန်တိုင်းမကျရောက်မီ၊ မုန်တိုင်းကျရောက်နေစဉ်နှင့် မုန်တိုင်းကျရောက်ပြီးနောက် အခြေအနေများကို အသီးသီးတွေ့ရှိနိုင်ပြီး ကြိုတင်ပြင်ဆင်မှုများကြောင့် ထိခိုက်သေဆုံးမှုနှုန်းနည်းပါးခဲ့ကြောင်းလည်း သိနိုင်သည်။ ယခုအခါ မုန်တိုင်းကျရောက်ပြီးနောက် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး ယာဉ်တန်းအဖွဲ့များက နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသလို သွားလာရန်ခက်ခဲသည့်ဒေသများသို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ခက်ခက်ခဲခဲ မရောက်ရောက်အောင် သွားရောက်ခဲ့သည်မှာ သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ပြည်သူများအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။

သို့ဖြစ်ပေရာ မုန်တိုင်းလွန်သော် လေပြည်လေညင်းတိုက်ခတ်လာသကဲ့သို့ သဘာဝဘေးဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသောပြည်သူများအနေဖြင့် လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ကူညီကယ်ဆယ်ရေး ယာဉ်တန်းအဖွဲ့များ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စောင့်ရှောက်မှုနှင့်အတူ အေးချမ်းသော လူမှုဘဝကို ပုံမှန်ပြန်လည်ရရှိရန် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါအထူးစိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးမည်



**မန္တလေး မေ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်တွင် ချည်မျှင်ရှည်ဝါအထူးစိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ် ချည်မျှင်ရှည်ဝါအထူးစိုက်ပျိုးသည့်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ချေးပေးနိုင်ရေးအတွက် မိတ်ဖက်ဌာနများနှင့်ပူးပေါင်းပြီး မြို့နယ်ငါးမြို့နယ်ရှိ ချည်မျှင်ရှည်ဝါ စိုက်ပျိုးသော တောင်သူများကို ချေးပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများကို ငွေချေးပေးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ချည်မျှင်ရှည်ဝါအထူးသီးနှံစိုက်ပျိုးတဲ့ တောင်သူတွေကို ချေးငွေထုတ်ချေးပေးသွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ စာရင်းကောက်ယူနေပါတယ်။ တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်းနဲ့ပါ။ ကေပြည့်စိုက်ကွက်တွေကို ချေးပေးတာပါ။ မြို့နယ်ရုံးတွေကို အကြောင်းကြားထားပြီးပါပြီ။ မိတ်ဖက်ဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ချည်မျှင်ရှည်ဝါ စိုက်ပျိုးတဲ့ ကျောက်ဆည်၊ မြစ်သား၊ တံတားဦး၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်တွေက တောင်သူတွေကို ချေးငွေချေးပေးသွားမှာပါ။ ဒီချေးငွေအစီအစဉ်က တစ်နိုင်ငံလုံးအနေနဲ့ ချေးပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ တစ်ရာသီလုံး စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ ဝါသီးနှံသည် ရာသီဥတုဖြစ်စဉ်အရ ရေရှားပါးမှုဖြစ်ခဲ့ပါက အခြားသီးနှံများနှင့် နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံဖြစ်သောကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ပေါ်တွင် လိုက်လျောညီထွေဖြစ်စေရန် ဝါကို အဓိကထားစိုက်ပျိုးသင့်ကြောင်း၊ ဝါကုန်ကြမ်းလိုအပ်မှုရှိခြင်း၊ ပြည်တွင်းဝါနှင့်ဝါထွက်ပစ္စည်းကို အခြေခံသည့် စက်ရုံများအတွက် ကုန်ကြမ်းဖြည့်ဆည်းရန် လိုအပ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းထံမှ သိရသည်။ (၁၈၅)

# မန္တလေး ပဲနှမ်းဈေးကွက်တွင် ကုလားပဲအုပ်စုနှင့် ပဲနီပြားများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာ

**မန္တလေး မေ ၂၂**

မန္တလေး ပဲ၊နှမ်းဈေးကွက်တွင် ကုလားပဲအုပ်စုနှင့် ပဲနီပြားများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ပဲနီပြားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲနီပြားကို ကုန်သည်များဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်း မေ ၁၅ ရက် ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၂၃၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၂၄၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၂၀၀၀၀ သာ ပေါက်ဈေးရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ယခုလက်ရှိတွင် ကုလားပဲအုပ်စုများဈေးကောင်းပြန်ရလာကြောင်း သိရသည်။

အလားတူ ပဲ၊ နှမ်းဈေးကွက် အနေအထားအရ မေ ၁၅ ရက် ပေါက်ဈေးမှာ ပဲနီပြားသုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၁၈၀၀၀၀ ရှိပြီး ယနေ့တွင် ပဲနီပြားသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ထို့အတူ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၂၉၀၀၀၀ နှင့်နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၃၄၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းတွင် ကုန်ကြမ်းနှင့် ကုန်ချောကုန်စည်ရရှိမှု များသောကြောင့် ကုန်တင်၊ ကုန်ချလုပ်သား များပြားနေ

**မန္တလေး မေ ၂၂**

မန္တလေး ဂေါဝိန်ဆိပ်ကမ်းတွင် ယခုအခါ ကုန်ကြမ်းနှင့်ကုန်ချောကုန်စည်ရရှိမှုများသောကြောင့် ကုန်တင်၊ ကုန်ချလုပ်သားများပါ များပြားနေကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ ကုန်စည်မျိုးစုံဖြစ်သည့် ခရမ်းချဉ်၊ ဆန်၊ ပဲ၊ ပြောင်းအပါအဝင် အခြားကုန်စည်အမျိုးမျိုးကိုပါ ကသာ၊ ထီးချိုင့်၊ ရွှေကူနှင့် ဗန်းမော် စသည့်မြို့ကြီးများသို့ တင်ပို့လျက်ရှိကြောင်း၊ ချော်ဆိပ်ကမ်း၊ ရွှေကြက်ယက်ဆိပ်ကမ်းနှင့် မရမ်းခြံဆိပ်ကမ်းတို့ထက် ဂေါဝိန်ဆိပ်ကမ်းမှာ ယခုလတ်တလောကုန်ကြမ်းနှင့် ကုန်ချောကုန်စည်ရရှိမှုအများဆုံးဖြစ်နေသည့်အပြင် ကုန်တင်ကုန်ချလုပ်သားပါ အများအပြားလုပ်ကိုင်လျက်ရှိသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

"ဂေါဝိန်ဆိပ်ကမ်းကနေ ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ ဗန်းမော်စတဲ့မြို့တွေကို ဆန်၊ ဆီတင်ပို့မှုကတော့ အခုလတ်တလောအများဆုံးပါ။ အခုက ရေဝတီမြစ်ရေလမ်းကြောင်း ကောင်းမွန်နေတာကြောင့် ဂေါဝိန်ဆိပ်ကမ်းကနေ အခြားမြို့တွေကို ကုန်စည်တင်ပို့တဲ့ သင်္ဘောတွေ သွားလာရ အဆင်ပြေနေပါတယ်"ဟု ၎င်းကပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းတွင် မေလ ပထမပတ်က ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၁၂၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိတွင် အဝတ်အထည်၊ လူသုံးကုန်၊ အလှကုန် စသည့် ကုန်စည်များရရှိမှုများပြားလာသောကြောင့် ကုန်တင်ကုန်ချ လုပ်သားဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသိမြတ်မော်တင်စွန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသုဇာတ၏မွေးနေ့မင်္ဂလာနှင့် ဘွဲ့တံဆိပ်တော်ထပ်ဆင့်ပူဇော်ပွဲ ကျင်းပ

**ပုဇွန်တောင် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသိ မြတ်မော်တင်စွန်း ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုဇာတ၏ သက်တော် ၅၅ နှစ်ပြည့်မွေးနေ့ မင်္ဂလာနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မြတ်မော်တင်စွန်းစေတီတော် ရင်ပြင်တော်ပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မွေးနေ့ပူဇာမင်္ဂလာနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲအခမ်းအနားတွင် ကြွရောက်လာသော ဆရာတော်သံဃာတော် အပါး ၁၅၀ အား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"အကြိုဓမ္မသဘင်အနေနဲ့ နိုင်ငံကျော် ဓမ္မကထိကဆရာတော် စစ်ကိုင်းခင်မကန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒအရှင်သူမြတ်က မေ ၁၉ ရက်နဲ့ ၂၀ ရက် ညတွေမှာ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးခဲ့ပါတယ်"ဟု ဆရာတော်ဘဒ္ဒန္တသုဇာတက မြွက်ကြားသည်။

ဘွဲ့တံဆိပ်တော်ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် မွေးနေ့မင်္ဂလာအခမ်းအနားတွင် ဟာသအနုပညာရှင်များဖြစ်သော ဖိုက်စတားအဖွဲ့နှင့် အဆိုတော်စိန်ဝင်းထွန်းတို့က မေ ၂၁ ရက်နှင့်ယနေ့ညတို့တွင် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသိ မြတ်မော်တင်စွန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇာတကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ အဆိုပါဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်းအတွက် ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

AZH



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးနေဝင်း-ဒေါ်တင်တင် ပန်းချစ်သူကွန်ပျူတာကော်ပန်းထိုးမိသားစုက ကိုဖက်တီးအားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးနှင့်အဖွဲ့ဝင်များက လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၁၀၃၄ ဧကစိုက်ပျိုးသွားမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၀၂၄၄ ဧက၊ နေကြာဧက ၇၉၀ စုစုပေါင်း ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ ခင်ဦးမြို့နယ်မှာ ဆီထွက်သီးနှံစိုက်ပျိုးမှုက ရာသီဥတုကောင်းမွန်တဲ့အတွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ ဆီထွက်သီးနှံဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ကျွန်တော်တို့ဆီမှာ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံ တိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံ ၄၁၀၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဆီထွက်သီးနှံ ၄၈၀၀၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံ ၅၀၈၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ဆီထွက်သီးနှံ ၄၇၂၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် ရဲရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ရဲရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများကို အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စဉ့်ကိုင်မြို့နယ် ရဲရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၅ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၉ သန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၄၆ ဒသမ ၃ သန်း ထုတ်ချေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# တောင်သာမြို့နယ် ကျေးရွာနစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တောင်သာ မေ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာနှစ်ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေဇင်ဦးနှင့် မြို့နယ်တာဝန်ရှိသူများက အုတ်ရှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု နံ့သာမြိုင်တောတိုက်ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အုတ်ရှစ်ပင်(အင်ကြင်းသာတောတိုက်)ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းအရှည် ၁၂၃၆၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် ချင်းမြေ ကိုးလက်မခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၂၈၉ သန်းဖြင့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒွန်လ ဒုတိယပတ်မှစတင်၍လည်းကောင်း၊ နံ့သာမြိုင်တောတိုက်ကျေးရွာတွင် အလျားပေ ၂၀၀၊ အနံပေ ၂၀၀၊ အနက် လေးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်ကစတင်၍လည်းကောင်းဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ရှင်ဦးကို**



# မုန်တိုင်းတစ်ခုဖြစ်တည်လာဖို့ (အပိုင်း-၁)

ပါမောက္ခကိုကိုအောင်



သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်က လူဦးရေသန်းပေါင်း ၁၆၀၀ မျှသာရှိခဲ့သော ကမ္ဘာကြီးသည် မျက်မှောက်ကာလတွင် လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်တို့၏ ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းရွက်ထားရပြီး သဘာဝဘေးအန္တရာယ်အသွယ်သွယ်တို့ကိုပါ ခါးစည်းခံနေရသည့် ဂြိုဟ်ကြီးတစ်လုံးအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ကမ္ဘာ့လူဦးရေ အဆမတန်တိုးပွားလာသောကြောင့် ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသော စက်မှုလုပ်ငန်းများ၊ ဘီလီယံနှင့်ချီသော အင်ဂျင်စက်များနှင့်မော်တော်ကားများက ကာဗွန်ဓာတ်ငွေ့တန်ချိန်ပေါင်းများစွာကို အချိန်နှင့်အမျှ စွန့်ထုတ်လျက်ရှိနေကြသကဲ့သို့ ကောက်ပဲသီးနှံစိုက်ခင်းများတွင် အသုံးပြုနေကြသော ဓာတ်မြေဩဇာများကြောင့်လည်း မီသိန်းဓာတ်ငွေ့တန်ချိန်ပေါင်းများစွာတို့က နေ့စဉ်နှင့်အမျှ လေထုထဲသို့ ရောက်ရှိနေကြသည်။

ကာဗွန်ဒိုင်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့များအပါအဝင် လူ့ပယောဂကြောင့် ထွက်ပေါ်လာသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကြောင့် ကမ္ဘာ့အပူချိန်က မြင့်တက်လာနေသကဲ့သို့ ပင်လယ်နှင့်သမုဒ္ဒရာရေများကလည်း ပိုမိုပူနွေးလာလျက်ရှိနေသည်။ ရေခဲတောင်နှင့် ရေခဲမြစ်များကလည်း အရည်ပျော်နှုန်းမြင့်မားလာကြကာ ပင်လယ်ရေမျက်နှာပြင်က တဖြည်းဖြည်းမြင့်တက်လာလျက်ရှိနေသည်။

အခြားတစ်ဖက်၌လည်း လူတို့၏ဖန်တီးမှုများကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ်စုပ်ယူနေရသည့်အတွက် ပင်လယ်နှင့် သမုဒ္ဒရာရေများ၏ အချဉ်ပေါက်နှုန်းကလည်း မြင့်တက်လျက်ရှိနေပြန်သည်။

ဤကဲ့သို့သောအခြေအနေအရပ်ရပ်က သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သော မုန်တိုင်းများကို ဖိတ်ခေါ်လျက်ရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါအခြေအနေများမှာ မုန်တိုင်းတစ်ခုအစပြုရန်အတွက် အခြေခံအချက်များနှင့် ပြည့်စုံကိုက်ညီနေသောကြောင့်ပင်ဖြစ်သည်။

ကမ္ဘာအရပ်ရပ်၌ ပင်လယ်ပြင်များကိုဇာတိပြု၍ မုန်တိုင်းတစ်ခုဖြစ်တည်တိုက်ခတ်နိုင်ရန်မှာ အဓိကအားဖြင့် အချက်သုံးချက်နှင့် ကိုက်ညီနေရမည်ဖြစ်သည်။ ပထမအချက်မှာ အများပြည်သူတို့ ကြားဖူးနားဝရှိကြသော လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်တည်နေရမည်ဖြစ်သည်။ ဒုတိယအချက်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်တည်ရာ ပင်လယ်ရေပြင်၏အပူချိန်သည် ၂၆ ဒီဂရီဆဲလ်စီယပ်နှင့်အထက်တွင် ရှိနေရမည်ဖြစ်သည်။ တတိယအချက်မှာကား လေဖိအားနည်းရပ်ဝန်းဖြစ်တည်ရာ ပင်လယ်ရေပြင်သည် အက်စစ်ပါဝင်နှုန်းမြင့်မားပြီး အချဉ်ပေါက်နှုန်းမြင့်တက်နေရမည်ဖြစ်သည်။

တစ်နေ့တခြား အပူချိန်တိုးလာနေသော ပင်လယ်ရေသည် ၂၆ ဒီဂရီဆဲလ်စီယပ်နှင့်အထက်သို့ လွယ်လင့်တကူရောက်ရှိလာနေသလို ကာဗွန်ဓာတ်ငွေ့များကို စဉ်ဆက်မပြတ်စုပ်ယူနေရသောပင်လယ်ရေများကလည်း အက်စစ်ပါဝင်နှုန်း သိသိသာသာမြင့်မားလာလျက်ရှိနေကြသည်။

ထို့ကြောင့်ပင်လျှင် ယနေ့မျက်မှောက်ကမ္ဘာကြီး၌ ပင်လယ်ပြင်များကို ဇာတိပြု၍ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်တည်လာပြီဆိုသည်နှင့် မုန်တိုင်းအဖြစ်သို့ ကူးပြောင်းရောက်ရှိသွားရန် အခွင့်အလမ်းက ပို၍အလေးသာလျက်ရှိနေသည်။ ဤသို့သောအကြောင်းများကြောင့်ပင် မျက်မှောက်ကာလ၌ ၂၀ ရာစုကာလများကထက် မုန်တိုင်းအန္တရာယ်ကို ပိုမိုကြုံတွေ့နေကြရခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကြောင့် ဆယ့်နှစ်ရာသီပတ်လုံး အေးခဲနေသည့်ဝင်ရိုးစွန်းဒေသများမှ ရေခဲလွှာများအရည်ပျော်ကျဆင်းကာ ပင်လယ်နှင့် သမုဒ္ဒရာအတွင်းသို့ စီးဆင်းဝင်ရောက်မှုကလည်း တစ်နေ့တခြား များပြားလာလျက်ရှိနေသည်။ ဝင်ရိုးစွန်းရေခဲလွှာများမှ အရည်ပျော်ကျဆင်းလာကာ ရေများသည် ရေချိုများဖြစ်ကြသည့်အားလျော်စွာ နေ၏အပူရှိန်ကြောင့် ၎င်းရေချိုများအငွေ့ပြန်ကြသည့်အခါ ကောင်းကင်ယံ၌ ထူထဲသောတိမ်တိုက်ကြီးများကို ဖြစ်ပေါ်လာစေသည်။ အဆိုပါထူထဲသောတိမ်တိုက်ကြီးများကြောင့် ကမ္ဘာ့မြေပြင်ပေါ်၌ အင်အားပြင်းထန်သော ဟာရီကိန်းမုန်တိုင်းကြီးများဖြစ်ပေါ်လာလေ့ရှိသည်။

ကမ္ဘာအရပ်ရပ်တွင်တိုက်ခတ်သည့် အပူပိုင်းမုန်တိုင်းများကို အင်အားပြင်းထန်မှုအလိုက် အဆင့် ငါးဆင့်ခွဲခြားသတ်မှတ်ထားသည်။ လေတိုက်နှုန်း တစ်နာရီလျှင် ၁၁၈ ကီလိုမီတာမှ ၁၅၂ ကီလိုမီတာကြားရှိသောမုန်တိုင်းကို အဆင့် (၁)အဖြစ် သတ်မှတ်ပြီး အဆိုပါမုန်တိုင်းအဆင့်က ပင်လယ်ပြင်တွင်လှိုင်းအမြင့် လေးပေမှ ငါးပေထိ မြင့်တက်စေနိုင်ကာ ပျက်စီးဆုံးရှုံးမှုအနည်းငယ်မျှကို ဖြစ်ပွားလာစေနိုင်သည်။

လေတိုက်နှုန်း တစ်နာရီလျှင် ၁၅၃ ကီလိုမီတာမှ ၁၇၆ ကီလိုမီတာအတွင်းရှိသောမုန်တိုင်းကို အဆင့်(၂) အဖြစ် သတ်မှတ်ပြီး အဆိုပါမုန်တိုင်းက ဒီရေလှိုင်းများကို အမြင့် ခြောက်ပေမှ ရှစ်ပေထိ ဖြစ်ပေါ်စေနိုင်ကာ ပျက်စီးဆုံးရှုံးမှုပမာဏကိုလည်း အတန်အသင့်ရှိလာစေနိုင်သည်။

လေတိုက်နှုန်း တစ်နာရီလျှင် ၁၇၇ ကီလိုမီတာမှ ၂၀၈ ကီလိုမီတာထိ အင်အားပြင်းထန်သောမုန်တိုင်းကို အဆင့်(၃)အဖြစ် သတ်မှတ်သည်။ မုန်တိုင်းအဆင့်(၃)၏ အရှိန်ကြောင့် ပင်လယ်ဒီရေများ၏အမြင့်သည် ကိုးပေမှ ၁၂ ပေထိ ဖြစ်ပေါ်လာနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများကလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာနိုင်သည်။

လေတိုက်နှုန်း တစ်နာရီလျှင် ၂၀၉ ကီလိုမီတာမှ ၂၄၈ ကီလိုမီတာထိပြင်းထန်သော မုန်တိုင်းသည် အဆင့်(၄)မုန်တိုင်းဖြစ်ပြီး အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် ပင်လယ်ဒီရေလှိုင်းများမှာ အမြင့် ၁၃ ပေမှ ၁၈ ပေထိ ဖြစ်ပေါ်လာနိုင်သည်။ မုန်တိုင်းအင်အားပြင်းထန်လွန်းသဖြင့် ဆိုးဆိုးရွားရွားပျက်စီးဆုံးရှုံးမှုများကို ကြုံတွေ့ကြရလိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ တိုက်ခတ်သွားသော နာဂစ်မုန်တိုင်းသည် မုန်တိုင်းသတ်မှတ်ချက်အဆင့်(၄)ရှိသော အင်အားပြင်းထန်လွန်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီးပင်ဖြစ်သည်။

လေတိုက်ခတ်နှုန်း တစ်နာရီလျှင် ၂၄၈ ကီလိုမီတာနှင့်အထက်ရှိသော မုန်တိုင်းများကိုမူ အဆင့်(၅)အဖြစ်သတ်မှတ်ပြီး အဆိုပါမုန်တိုင်းကြီးများကြောင့် ပင်လယ်ဒီရေလှိုင်းများက အနည်းဆုံး ၁၈ ပေနှင့်အထက် မြင့်တက်လာလိမ့်မည်ဖြစ်သကဲ့သို့ ထိခိုက်ပျက်စီးမှုကလည်း အလွန်ပင်ကြီးမားလိမ့်မည်ဖြစ်သည်။

❖ ကမ္ဘာအရပ်ရပ်၌ ပင်လယ်ပြင်များကိုဇာတိပြု၍ မုန်တိုင်းတစ်ခုဖြစ်တည်တိုက်ခတ်နိုင်ရန်မှာ အဓိကအားဖြင့် အချက်သုံးချက်နှင့် ကိုက်ညီနေရမည်ဖြစ်သည်။ ပထမအချက်မှာ အများပြည်သူတို့ ကြားဖူးနားဝရှိကြသော လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်တည်နေရမည်ဖြစ်သည်။ ဒုတိယအချက်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်တည်ရာ ပင်လယ်ရေပြင်၏အပူချိန်သည် ၂၆ ဒီဂရီဆဲလ်စီယပ်နှင့်အထက်တွင် ရှိနေရမည်ဖြစ်သည်။ တတိယအချက်မှာကား လေဖိအားနည်းရပ်ဝန်းဖြစ်တည်ရာ ပင်လယ်ရေပြင်သည် အက်စစ်ပါဝင်နှုန်းမြင့်မားပြီး အချဉ်ပေါက်နှုန်း မြင့်တက်နေရမည်ဖြစ်သည်။ ❖

---

## ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ရွှေဘို မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုစီးပွားရေးလုပ်ငန်းများဖြစ်သော တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အောင်ချမ်းသာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်နှင့်ဝန်ထမ်းများက အောင်ချမ်းသာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ လစဉ်ရေသွင်းထားရှိရမည့် စာရင်းဇယားများပြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ဒုတိယနှစ်စက်ဝန်း၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦး စုစုပေါင်း ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၃၈ သန်း ထုတ်



ချေးပေးခဲ့ပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်ထံမှ သိရသည်။ **သန်းသန်းမိုး**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# နိုင်ငံတစ်ဝန်းရှိ SME လုပ်ငန်းများကို လုပ်ငန်းစတင်ချိန်မှ သုံးနှစ်ကာလထိ အမြတ်ခွန်ကင်းလွတ်ခွင့်ပြုမည်



**နေပြည်တော် မေ ၂၂**

နိုင်ငံတစ်ဝန်းရှိ SME လုပ်ငန်းများကို လုပ်ငန်းစတင်ချိန်မှ သုံးနှစ်တာကာလထိ အမြတ်ခွန်ကင်းလွတ်ခွင့်ပမာဏကို အသားတင်အမြတ် သိန်း ၁၅၀ ထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ အမြတ်ခွန်ကင်းလွတ်ခွင့်ပြုသည့်လုပ်ငန်းများတွင် ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသေးစား၊ အလတ်စားနှင့်အငယ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်းသစ်များအကျုံးဝင်ကြောင်း သိရသည်။

"အသေးစား၊ အငယ်စား စက်မှုလက်မှုလုပ်ငန်းတွေအနေနဲ့ လုပ်ငန်းစတင်တဲ့ နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်းမှာ အသားတင်အမြတ်ဝင်ငွေကျပ်သိန်း ၁၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမှာဖြစ်ပါတယ်။ ဒါကလဲ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံတဲ့ အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်က တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ဖြစ်စေဖို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းမှတ်ပုံတင်ပါမှတ်ပုံတင်သည့် ရက်စွဲနှင့် သက်ဆိုင်သည့်ဝင်ငွေနှစ်ကို လုပ်ငန်းစတင်သည့်နှစ်အဖြစ် သတ်မှတ်ပြီး တစ်ဆက်တည်း သုံးနှစ်ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကင်းလွတ်ခွင့်ပြုရာတွင် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေကျပ် သိန်း ၁၅၀ ကို နုတ်ပယ်ပြီး ကျန်ဝင်ငွေပမာဏအပေါ်တွင်သာ ဝင်ငွေခွန်ကို ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပွင့်ဖြူမြို့နယ် ရေဖြူတွင်းကျေးရွာ၌ စက်ရေတွင်း Pump လဲလှယ်ခြင်း၊ တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် မီတာတပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် နဘဲကုန်းကျေးရွာအုပ်စု ရေဖြူတွင်းကျေးရွာ စက်ရေတွင်း 3HP Submersible Pump လဲလှယ်ခြင်း၊ တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် လျှပ်စစ်မီတာတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စက်ရေတွင်း 3HP Submersible Pump လဲလှယ်ခြင်း၊ တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းနှင့် လျှပ်စစ်မီတာတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

နဘဲကုန်းကျေးရွာအုပ်စု ရေဖြူတွင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၅၅ သိန်းအသုံးပြုကာ စက်ရေတွင်း Pump လဲလှယ်ခြင်း၊ တွင်းဆေးတွင်းမှုတ်ခြင်းနှင့် လျှပ်စစ်မီတာတပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဝင်းမောင်**

## မိုခါမုန်တိုင်း မည်မျှရိုင်းစေ

\- မိုခါမုန်တိုင်း တောဆင်ရိုင်းနှယ်
တို့တိုင်းဌာနီ ရခိုင်ပြည်နှင့်
တစ်လီချစ်ဖွယ် ချင်းပြည်နယ်ကို
ရည်ရွယ်ဖျက်ဆီး အားမာန်ကြီးလျက်
လှိုင်းကြီးလေထန် သွန်ဟန်ပန်ကို
မကျန်ဖွင့်ဟ သူရိုင်းပျ၏။

\- မေလဆယ့်လေး ကြိုတင်တွေး၍
မနှေးမြန်စွာ ပြင်ဆင်ပါလည်း
မိုခါဖျက်မှောက် ချက်ချင်းရောက်ကာ
မထောက်မညှာ ဖျက်ဆီးလာကြောင့်
မြို့ရွာအိမ်ခြေ လယ်ယာမြေနှင့်
ထွေထွေများစွာ ပျက်စီးရှာသည်
လွန်စွာဒုက္ခ ရောက်ခဲ့ကြ၏။

\- သို့သော်လည်းလေ တို့တိုင်းပြေ(ပြည်)သည်
အခြေတည်စ ဟိုရှေးကပင်
ပြည်မပြည်နယ် ချစ်ကြိုးသွယ်လျက်
တကယ်သွေးနီး အရေးကြီးက
ဝေးနီးမဟူ ဖေးမကူလျက်
အတူလက်တွဲ ရင်ဆိုင်မြဲမို့
ခုလည်းမနေ သွေးရင်းဆွေကို
တို့တွေဝိုင်းမ ကူညီကြ၏။

\- သွေးချင်းတို့ရယ် အားမငယ်နဲ့
အဘယ်ဒုက္ခ ကြုံတွေ့ရလည်း
ဘဝသခင်ျ အတူနေမို့
ခုနေခါမျိုး ဒုက္ခဆိုးကို
ကိုယ်ကျိုးမပါ စေတနာဖြင့်
မြန်မာစိတ်ရင်း လူ့ခပင်းကို
ထင်လင်းမြင်သာ သိစေရာသည်
မကြာသောက ပြေပျောက်ကြစေ
မေတ္တာဝေ၏။ ။

**မန္တလာပြေ**

# ကျေးသီးမြို့နယ်၌ VDP ကျေးရွာများရွေးချယ်

**ကျေးသီး မေ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကျေးရွာရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်က VDP ကျေးရွာရွေးချယ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာများနှင့် ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ခိုင်းတင့်ကျေးရွာ၊ နားမွန်းကျေးရွာ၊ နမ့်ဆုံကျေးရွာ၊ ဝမ်ကပ်ကျေးရွာ၊ ဝမ်နောင်ကျေးရွာ၊ ပန်လော့ကျိုင်းခမ်းနှင့် ခေါက်ခွဲ့ကျေးရွာတို့ကို ရွေးချယ်ပေးခဲ့ကြောင်း ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ရှိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# ဂျီ-၇ အုပ်စုထိပ်သီးညီလာခံကို တရုတ်ဆန့်ကျင်ရေး အလုပ်ရုံဆွေးနွေးပွဲအဖြစ် တရုတ်ဝေဖန်

**ပေကျင်း မေ ၂၂**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၌ ကျင်းပခဲ့သည့် ဂျီ-၇ အုပ်စုထိပ်သီး ညီလာခံကို တရုတ်ဆန့်ကျင်ရေး အလုပ်ရုံဆွေးနွေးပွဲအဖြစ် တရုတ်အစိုးရအာဘော် ဂလိုဘယ်လ် တိုင်းမ်သတင်းစာက ယနေ့တွင် ဝေဖန်ထားကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၇ ထိပ်သီးညီလာခံပူးတွဲကြေညာချက်ထုတ်ပြန်သည့်အနေဖြင့် ဂလိုဘယ်လ်တိုင်းမ် သတင်းစာက အဆိုပါအတိုင်း ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

မေ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သော ဂျီ-၇ ထိပ်သီးညီလာခံပူးတွဲကြေညာချက်၌ တရုတ်(တိုင်ပေ) ပြဿနာ၊ စီးပွားရေးပြဿနာနှင့် လူ့အခွင့်အရေး ပြဿနာများအပါအဝင်ပြဿနာများအတွက် တရုတ်နိုင်ငံကို ဝေဖန်ထားသည်။

အမေရိကန် နိုင်ငံအနေဖြင့် အနောက်ကမ္ဘာ၌ တရုတ်ဆန့်ကျင်ရေးကွန်ရက်တည်ဆောက်ရန်ကြိုးပမ်းနေကြောင်း ယနေ့တွင် ဂလိုဘယ်လ်တိုင်းမ် သတင်းစာ အယ်ဒီတာအာဘော်၌ ဝေဖန်ထားသည်။

ထို့နည်းတူ ဂျီ-၇ အုပ်စုသည်လည်း တရုတ်ဆန့်ကျင်ရေးအုပ်စုဖြစ်လာခဲ့ပြီဖြစ်ကြောင်းဂလိုဘယ်လ်တိုင်းမ်သတင်းစာက သုံးသပ်ထားသည်။

ဂျီ-၇ ထိပ်သီးညီလာခံပူးတွဲကြေညာချက်ကို တရုတ်နိုင်ငံအနေဖြင့် ပြတ်သားစွာဆန့်ကျင်သည်ဟု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO



# ဂျီ-၂၀ ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ အိန္ဒိယနိုင်ငံ ဆရီနာဂါမြို့၌ စတင်ကျင်းပ

**ဆရီနာဂါ မေ ၂၂**

ဂျီ-၂၀ အုပ်စု ခရီးသွားလုပ်ငန်း ဆွေးနွေးပွဲများကို အိန္ဒိယနိုင်ငံက ဂျမူးနှင့် ကက်ရှ်မီးယားဒေသ ဆရီနာဂါမြို့၌ ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပိုင်ဆိုင်ခွင့် အငြင်းပွားဒေသ တစ်ခု၏မြို့ဖြစ်သည့် ဆရီနာဂါမြို့၌ စတင်ကျင်းပနေသော ဂျီ-၂၀ ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ လုံခြုံရေးအတွက်အိန္ဒိယအစိုးရက အထူးတင်းကျပ်ထားသည်။

ဂျမူးနှင့် ကက်ရှ်မီးယားဒေသသည် အိန္ဒိယနိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော်လည်း အိမ်နီးချင်း ပါကစ္စတန်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့် တောင်းထားသည့် ဟိမဝန္တာဒေသဖြစ်သည်။

ဂျီ-၂၀ ခရီးသွားလုပ်ငန်း ဆွေးနွေးပွဲများကို ဂျမူးနှင့် ကက်ရှ်မီးယားကဲ့သို့ ပိုင်ဆိုင်ခွင့်အငြင်းပွားနယ်မြေတစ်ခု၌ကျင်းပမှုကို တရုတ်နိုင်ငံက ကန့်ကွက်ထားပြီး ယင်းဆွေးနွေးပွဲများအား သပိတ်မှောက်မည်ဖြစ်ကြောင်း ကြေညာထားသည်။

အဆိုပါဂျီ-၂၀ ဆွေးနွေးပွဲများသည် အိန္ဒိယအစိုးရက ဂျမူးနှင့် ကက်ရှ်မီးယားဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များကို ၂၀၁၉ ခုနှစ်တွင် ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း ယင်းဒေသ၌ကျင်းပသည့် ပထမဆုံး နိုင်ငံတကာညီလာခံဖြစ်သည်။

ဆရီနာဂါ ဂျီ-၂၀ ဆွေးနွေးပွဲကာလအတွင်း အကြမ်းဖက်သမားများရန်ကို ကာကွယ်ရေးအတွက် ဂျမူးနှင့် ကက်ရှ်မီးယား၌ လုံခြုံရေးမြှင့်တင်ထားမည်ဟု အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# ဖိလစ်ပိုင်နိုင်ငံ၏ သမိုင်းဝင်မနီလာဗဟိုစာတိုက် မီးလောင်မှုဖြစ်ပွား



**မနီလာ မေ ၂၂**

ဖိလစ်ပိုင်နိုင်ငံ၏ သမိုင်းဝင်အဆောက်အအုံ တစ်လုံးဖြစ်သည့် မနီလာဗဟိုစာတိုက်ကြီး၌ မေ ၂၁ ရက် ညပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

မနီလာ ဗဟိုစာတိုက်ကြီး မီးလောင်ကျွမ်းမှုကို မနီလာမြို့ မီးသတ်တပ်ဖွဲ့က ခုနစ်နာရီကျော်ကြာအချိန်ယူငြိမ်းသတ်ခဲ့ရပြီး ယနေ့နံနက်ပိုင်းမှသာ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

မနီလာဗဟိုစာတိုက်ကြီးသည် အလုပ်အများဆုံး အစိုးရရုံးများထဲတွင် ပါဝင်သော်လည်း မီးလောင်မှု ဖြစ်ပွားချိန်မှာ ရုံးပိတ်ထားချိန် ဖြစ်ကြောင်း မနီလာ မီးသတ်တပ်ဖွဲ့က ကြေညာချက်ထုတ်ပြန်ထားသည်။

သို့သော် မီးလောင်မှုဖြစ်ပွားစဉ် လူပေါင်း ခုနစ်ဦးဒဏ်ရာများရခဲ့ပြီး ဒဏ်ရာရသူအများစုမှာ မီးသတ်တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

မနီလာဗဟိုစာတိုက်ကြီးသည် ၁၉၂၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဂန္ထဝင်ဗိသုကာဟန် ငါးထပ်အဆောက်အအုံဖြစ်ပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၀၀ နီးပါးရှိပြီဖြစ်သည်။

အမျိုးသားသမိုင်းဝင်အဆောက်အအုံအဖြစ် ဖိလစ်ပိုင်အစိုးရက သတ်မှတ်ထားသော မနီလာဗဟိုစာတိုက်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့သော်လည်း ၁၉၄၆ ခုနှစ်မှာပင် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

KKO

# ပျောက်ဆုံးနေသော တရုတ်ငါးဖမ်းသင်္ဘောဝန်ထမ်းများအနက် ခုနစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထား

**ပေကျင်း မေ ၂၂**

အိန္ဒိယသမုဒ္ဒရာအလယ်၌ တိမ်းမှောက်ခဲ့သော တရုတ်ငါးဖမ်းသင်္ဘောတစ်စီးပေါ်တွင် လိုက်ပါသွားသူများအနက် ခုနစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိမ်းမှောက်ခဲ့သော ငါးဖမ်းသင်္ဘောမှ ပျောက်ဆုံးနေသူများကို ရှာဖွေရေးအတွက် အစွမ်းကုန်ကြိုးစားရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ညွှန်ကြားခဲ့ပြီး ရက်အတန်ငယ်အကြာတွင် ပျောက်ဆုံးနေသူ ၃၉ ဦးအနက် ခုနစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လူပင်းယွန်ယူ-၀၂၈ အမည်ရှိ အဆိုပါတရုတ်ငါးဖမ်းသင်္ဘောသည် မေ ၁၆ ရက်က အိန္ဒိယသမုဒ္ဒရာအတွင်းတိမ်းမှောက်ခဲ့ရာ ရေယာဉ်ဝန်ထမ်း ၃၉ ဦး ပျောက်ဆုံးနေခဲ့ရသည်။

ပျောက်ဆုံးနေသည့် ငါးဖမ်းသင်္ဘော ရေယာဉ်ဝန်ထမ်းများကို ရှာဖွေရာတွင်သြစတြေးလျ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ မော်ဒိုက်နှင့် ဖိလစ်ပိုင်စသည့် ဒေသတွင်းနိုင်ငံများကလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။

ပျောက်ဆုံးနေသူများမှာ တရုတ်သင်္ဘောသား ၁၇ ဦး၊ အင်ဒိုနီးရှားသင်္ဘောသား ၁၇ ဦးနှင့် ဖိလစ်ပိုင်သင်္ဘောသား ငါးဦးတို့ဖြစ်ကြောင်း သိရသည်။

တရုတ်မီဒီယာများ၏အဆိုအရ ပျောက်ဆုံးသော သင်္ဘောသားများအနက် ခုနစ်ဦး၏ ရုပ်အလောင်းများကို သီရိလင်္ကာရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာရှားပါးမှုကြောင့် လောင်စာဆီဖိုးငွေပေးချေရန် ဘင်္ဂလားဒေ့ရှ်ရုန်းကန်နေရ

**ဒါကာ မေ ၂၂**

အမေရိကန် ဒေါ်လာငွေ ပြတ်လပ်မှုပြဿနာကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဝယ်ယူတင်သွင်းထားသော လောင်စာဆီများအတွက် ငွေပေးချေရန် ရုန်းကန်နေရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဒေါ်လာငွေ ပြတ်လပ်မှုပြဿနာကြောင့် အိန္ဒိယနိုင်ငံသို့ပေးချေရသည့်လောင်စာဆီဖိုးများအတွက် ငွေပေးချေရာတွင် ပြည်တွင်းဘဏ်များအား အိန္ဒိယရူပီးငွေ အသုံးပြုခွင့်ပေးရန် နိုင်ငံပိုင်ဘင်္ဂလားဒေ့ရှ်ရေနံကော်ပိုရေးရှင်း (ဘီပီစီ)က ဘင်္ဂလားဒေ့ရှ်အစိုးရကို တိုက်တွန်းထားသည်။

လက်ရှိအချိန်တွင် ဘီပီစီကုမ္ပဏီမှာ လောင်စာဆီဖိုးငွေ အမေရိကန်ဒေါ်လာသန်း၁၀၀ကျော်ထိအကြွေးတင်နေပြီး လက်ဝယ်သိုလှောင်ထားနိုင်သည့် အရန်လောင်စာဆီပမာဏလည်းကျဆင်းစပြုလာပြီဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ယူကရိန်းကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏမှာ သုံးပုံတစ်ပုံကျော် ကျဆင်းခဲ့ရသည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာ ပြတ်လပ်မှုနှင့် ဒေါ်လာလိုအပ်ချက်ကို ဗဟိုဘဏ်က ဖြည့်ဆည်းပေးနိုင်မှုမရှိခြင်းကြောင့် ပုဂ္ဂလိကဘဏ်များမှာ ဝယ်ယူတင်သွင်းထားသည့်လောင်စာဆီများအတွက် ငွေပေးချေရန် အကျပ်တွေ့နေကြောင်း ဘီပီစီ ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် လောင်စာဆီ ပြတ်လပ်မှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုပြဿနာများ ပေါ်ထွက်လာပြီး အထည်ချုပ်လုပ်ငန်းများ ထိခိုက်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။


KKO

# SCIENCE AND TECHNOLOGY

## အရွယ်အစားလွန်စွာကြီးမားသော ဒိုင်နိုဆောတစ်မျိုး လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၁၀၀ က ယနေ့ခေတ် အာဂျင်တီးနားနိုင်ငံ ပါတာဂိုးနီးယားဒေသ၌ နေထိုင်ကျက်စားခဲ့







**ဗျူနို့စ်အေရိစ် မေ ၂၂**

အရွယ်အစားလွန်စွာကြီးမားသော ဒိုင်နိုဆောတစ်မျိုးသည် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၁၀၀ က ယနေ့ခေတ် အာဂျင်တီးနားနိုင်ငံ ပါတာဂိုးနီးယားဒေသ၌ နေထိုင်ကျက်စားခဲ့ကြကြောင်း The Daily Mail သတင်းစာက မေ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကို Chucarosaurus Diripienda ဟူ၍ အာဂျင်တီးနားသိပ္ပံပညာရှင်များက အမည်ပေးထားသည်။

C.Diripienda ဒိုင်နိုဆောများသည် ကိုယ်အလေးချိန် တန် ၅၀ ထိရှိပြီး ကိုယ်ထည်အလျားမှာ မီတာ ၃၀ ထိရှိကြောင်း အာဂျင်တီးနား သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ C.Diripienda ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်းသန်း ၁၀၀ ဒသမ ၅ သန်းနှင့် ၆၆ သန်းကြား ကာလအတွင်း ရှင်သန်ခဲ့ကြသည့် ကမ္ဘာဦးသတ္တဝါများဖြစ်ကြောင်း သိရသည်။

၎င်းဒိုင်နိုဆော၏ ကျောက်ဖြစ်ရုပ်များကို ပါတာဂိုးနီးယားဒေသ ပျူဘလိုဘလန်ကို သဘာဝကြိုးဝိုင်းဒေသ၌ ၂၀၁၈ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပါတာဂိုးနီးယားဒေသသည် တစ်ချိန်က Patagotitan Mayorum ကဲ့သို့ ကမ္ဘာ့အကြီးဆုံး အပင်စားဒိုင်နိုဆောများ ရှင်သန်ခဲ့ကြရာ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့် ဆက်နွယ်နေသော ပိုးသတ်ဆေး ၁၀ မျိုးကို သုတေသနပညာရှင်များဖော်ထုတ်

**နယူးယောက် မေ ၂၂**

ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ဆက်နွယ်နေသော ပိုးသတ်ဆေး ၁၀ မျိုးတို့ကို သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ပိုးသတ်ဆေးများနှင့် အထိအတွေ့များမှုသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း ရှေးယခင်ကပင် လက်ခံထားကြသော်လည်း ပိုးသတ်ဆေးအမျိုးအမည်များကို တိတိကျကျ ထောက်ပြနိုင်မှုမရှိခဲ့ပေ။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေသော ပိုးသတ်ဆေး ၁၀ မျိုးကို လေ့လာ ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ တွေ့ရှိထားသော ပိုးသတ်ဆေး ၁၀ မျိုးမှာ အင်းဆက်သတ်ဆေး၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးအုပ်စုဝင် ပိုးသတ်ဆေးများဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ တွေ့ရှိခဲ့သော ပိုးသတ်ဆေး ၁၀ မျိုးအနက် Dicofol၊ Endosulfan၊ Naled နှင့် Propargite တို့မှာ အင်းဆက်သတ်ဆေးအုပ်စုဝင်များဖြစ်ပြီး Diquat၊ Endothall နှင့် Trifluratin တို့မှာ ပေါင်းသတ်ဆေးအုပ်စုဝင်များဖြစ်ကြကြောင်း သိရသည်။


ကျန်သုံးမျိုးဖြစ်သည့် Basic Copper Sulfate၊ Pentahydrate Copper Sulfate နှင့် Folpet တို့မှာမှိုသတ်ဆေးအုပ်စုဝင်များဖြစ်ကြကြောင်း သိရသည်။ KKO

## နာဆာ၏ အားတီးမစ် မစ်ရှင်အတွက် လဆင်းယာဉ်တစ်စင်းကို ဘလူးအော်ရီဂျင်ကုမ္ပဏီက တည်ဆောက်ပေးမည်

**ဝါရှင်တန် မေ ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အားတီးမစ် မစ်ရှင်အတွက် လဆင်းယာဉ်တစ်စင်းကို ဘလူးအော်ရီဂျင်ကုမ္ပဏီက တည်ဆောက်ပေးမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီဦးဆောင်သည့် လုပ်ငန်းစုတစ်ခုသည် နာဆာအဖွဲ့ကကြေညာထားသော အားတီးမစ် မစ်ရှင် ဒုတိယမြောက် လဆင်းယာဉ်တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခွင့် ရရှိထားသည်။



အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ အထက်ပါသဘောတူညီချက်အရ ဘလူးအော်ရီဂျင်အနေဖြင့် ဒုတိယမြောက် လူသယ်လဆင်းယာဉ်တစ်စင်း တည်ဆောက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

နာဆာ၏ အားတီးမစ် မစ်ရှင် ပထမဆုံး လူသယ်လဆင်းယာဉ်ကို Space-X ကုမ္ပဏီကတည်ဆောက်ခွင့်ရထားပြီးဖြစ်သည်။

ဘလူးအော်ရီဂျင်၏ လူသယ်လဆင်းယာဉ်ကို အားတီးမစ်-၅ မစ်ရှင်ဖြင့် ၂၀၂၉ ခုနှစ်တွင် လွှတ်တင်ရန် နာဆာအဖွဲ့က ရည်ရွယ်ထားကြောင်း သိရသည်။

Space-X ကုမ္ပဏီ၏ စတားရှစ် လူသယ်လဆင်းယာဉ်ကိုမူ ၂၀၂၅ ခုနှစ်တွင် လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။ KKO

## mPox ပိုင်းရပ်များက နေအိမ်၊ ဆေးရုံ ဆေးခန်းမျက်နှာပြင်များပေါ်တွင် တွယ်ကပ်နေဖွယ်ရှိ

**ဘာလင် မေ ၂၂**

မျောက်ကျောက်ရောဂါ (mPox) ဗိုင်းရပ်များသည် နေအိမ်သို့မဟုတ် ဆေးရုံဆေးခန်းမျက်နှာပြင်များပေါ်တွင်လည်း တွယ်ကပ်နေနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်က ရေးသားတင်ပြထားသည်။


ဂျာမနီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ mPox ဗိုင်းရပ်များ မျက်နှာပြင်ပေါ်၌ တွယ်ကပ်နေနိုင်သည့်ကာလသည် အပူချိန်ကိုလိုက်၍ အပြောင်းအလဲရှိကြောင်း သိရသည်။

mPox ဗိုင်းရပ်များအနေဖြင့် အခန်းတွင်း အပူချိန်အောက်တွင် မျက်နှာပြင်တစ်ခုပေါ်၌ ၁၁ ရက်ကြာ တွယ်ကပ်နေနိုင်ပြီး အပူချိန်လေးဒီဂရီ ဆဲလ်စီယပ်(၃၉ ဒီဂရီ ဖာရင်ဟိုက်)အောက်တွင် တစ်လကျော်ကြာ တွယ်ကပ်နေနိုင်ကြောင်း ဂျာမနီသုတေသနပညာရှင်များက ပြောကြားသည်။

ကျောက်ရောဂါဗိုင်းရပ်များသည် လူတို့ပတ်ဝန်းကျင်၌ အချိန်ကြာမြင့်စွာ ခိုအောင်းတွယ်ကပ်၍ ကူးစက်နိုင်စွမ်းရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဂျာမနီ သုတေသနပညာရှင်များသည် mPox ဗိုင်းရပ်များကပ်ငြိနေသည့် သံမဏိပြားလွှာများကို အပူချိန်အမျိုးမျိုးအောက်၌ ထားရှိစမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

mPox ဗိုင်းရပ်ကူးစက်မှုအများစုမှာ အရေပြားမှတစ်ဆင့် ကူးစက်ခြင်းများဖြစ်သော်လည်း ၎င်းဗိုင်းရပ်များမှာ မျက်နှာပြင်များပေါ်၌တွယ်ကပ်၍ လူသားများထံကူးစက်နိုင်ခြေ ရှိနေနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO



## Macao Science 1 အမည်ရှိ အာကာသစူးစမ်းလေ့လာရေးမစ်ရှင်အတွက် ဂြိုဟ်တုနှစ်စင်းကို မေ ၂၁ ရက်က လွှတ်တင်ခဲ့

**ပေကျင်း မေ ၂၂**

တရုတ်နိုင်ငံသည် Macao Science 1 အမည်ရှိ အာကာသစူးစမ်းလေ့လာရေး မစ်ရှင်အတွက် ဂြိုဟ်တုနှစ်စင်းကို မေ ၂၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားတင်ပြထားသည်။

Macao Science 1 မစ်ရှင် ဂြိုဟ်တုနှစ်စင်းကို လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိကွမ် ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် ဂြိုဟ်တုနှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Macao Science 1 ဂြိုဟ်တုနှစ်စင်းတွင် ကမ္ဘာ့သံလိုက်စက်ကွင်းလွှာ စောင့်ကြည့်ရေးစနစ်များ၊ စွမ်းအင်မြင့် ဒြပ်မှုန်ထောက်လှမ်းရေးစနစ်များ၊ အိတ်စ်ရေးရောင်ခြည် စူးစမ်းလေ့လာရေးစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် မေ ၂၁ ရက်မစ်ရှင်အတွင်း Macao Science 1 မစ်ရှင် ဂြိုဟ်တုနှစ်စင်းအပြင် လော်ကျား-၂ အမည်ရှိ သိပ္ပံစမ်းသပ်ဂြိုဟ်တုတစ်စင်းကိုလည်း လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် လောင်းမတ်ချ်အုပ်စုဝင် ဒုံးပျံများ၏ ၄၇၄ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO

နိုင်ငံတကာ
**အားကစားသတင်းများ**

# PGA Championship ပြိုင်ပွဲ ချန်ပီယံဆုကို ဘရော့ခ်ကိုပ်ကာ ဆွတ်ခူး

**နယူးယောက် မေ ၂၂**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပခဲ့သည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရော့ခ်ကိုပ်ကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နော်ဝေဂေါက်သီးရိုက်ကစားသမားဟိုဗ်လန်းနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှက်ဖလာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမားရွှန်ရမ်းမှာ နောက်ဆုံးနေ့ထိ ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်ထိပိုရိုက်ခဲ့ပြီး ၂၀၂၃ ခုနှစ်ဂေါက်သီးရိုက်ရာသီအတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများအနက် ရလဒ်အဆိုးရွားဆုံးရရှိခဲ့သည့်ပြိုင်ပွဲဖြစ်ခဲ့သည်။

ဘရော့ခ်ကိုပ်ကာအတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ငါးလုံးမြောက် အဓိကဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး LIV Golf အဖွဲ့ဝင် ကစားသမားများအနက် PGA ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သော ပထမဦးဆုံးသော ဂေါက်သီးရိုက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘရော့ခ်ကိုပ်ကာက "ဒီအောင်မြင်မှုဟာ ကစားသမားဘဝသက်တမ်းတစ်လျှောက် အချိုမြိန်ဆုံးအောင်မြင်မှုပါပဲ။ ပြိုင်ပွဲဝင်အားလုံး ရလဒ်ကောင်းရဖို့ရုန်းကန်ခဲ့ကြရသလိုအားလုံးအတွက် ခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်။ အခက်အခဲတွေ ကြားထဲကနေ အောင်မြင်မှုရယူနိုင်ခဲ့တဲ့ခံစားမှုဟာ တခြားအောင်မြင်မှုတွေနဲ့ မတူပါဘူး။ ကျွန်တော့်အတွက်တော့ ဒီဆုဟာ အထူးစပယ်ရှယ်ဆုတစ်ဆုလို့ခံစားရတယ်"ဟု ပြောကြားခဲ့သည်။

ရှက်ဖလာက "နောက်ဆုံးနေ့ထိကိုအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး ချန်ပီယံဆုအတွက် နောက်ဆုံးနေ့ထိအကြိတ်အနယ်ကစားခဲ့ရတယ်။ ကျွန်တော့်အနေနဲ့ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့အတွက် နောက်ဆုံးနေ့မှာအကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ စွမ်းဆောင်ရည်ပိုင်းကို အားရကျေနပ်မှုရှိပါတယ်။ ချန်ပီယံဆုနဲ့လွဲချော်ခဲ့ရပေမဲ့လဲ နောက်ဆုံးနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းအတွက် ဝမ်းသာမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- ❏ ကွင်းလယ်ကစားသမား ရှာကာက လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ပြောင်းရွှေ့၍ လေးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။
- ❏ နော်တင်ဟမ်အသင်းက စီးရီးအေတွင် လက်စွမ်းပြကစားနေသည့် မွန်ဇာဂိုးသမား ဂရီဂိုရီအိုကိုခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ❏ မန်စီးတီးအသင်းလူငယ်ကစားသမား ရီကိုလူးဝစ်က အသင်းနှင့်ကာလရှည်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။
- ❏ အဲဗာတန်အသင်း၏ ကွင်းသစ်တည်ဆောက်ရေးစီမံကိန်းတွင် နယူးယောက်အခြေစိုက် MSP Sports Capital ကုမ္ပဏီလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။ ML

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ နေရာလိုက်အကောင်းဆုံးစာရင်းတွင် မြန်မာအသင်းမှ နှစ်ဦးပါဝင်



**ရန်ကုန် မေ ၂၂**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်း၌ မြန်မာယူ-၂၂ အသင်းမှ ကစားသမားနှစ်ဦးထိ ပါဝင်ခဲ့ပြီး ပြိုင်ပွဲ၏အကောင်းဆုံးသွင်းဂိုးအဖြစ် မြန်မာအသင်းမှ သက်ဟိန်းစိုး၏ သွင်းဂိုး သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ကစားသမားပါဝင်မှုအများဆုံးအဖြစ် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့် အင်ဒိုနီးရှားအသင်းနှင့်အတူ မလေးရှားအသင်း၊ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့မှ ကစားသမားနှစ်ဦးစီပါဝင်လာခဲ့ကြသည်။

နေရာလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းမှ ဂိုးသမားနေရာတွင် အိမ်ရှင်ကမ္ဘောဒီးယားယူ-၂၂ အသင်းဂိုးသမား ရက်လွှိုင်ဟန်းပါဝင်လာခဲ့ပြီး ခံစစ်ကစားသမား လေးဦးနေရာမှ ဘယ်တောင်ပံခံစစ်နေရာတွင် မြန်မာယူ-၂၂ အသင်းနှင့် ခြေစွမ်းပြသနိုင်ခဲ့သည့် သက်ဟိန်းစိုး၊ ညာတောင်ပံ ခံစစ်နေရာတွင် အင်ဒိုနီးရှားယူ-၂၂ အသင်းမှ ကိုမန်းတီဂန်၊ ဗဟိုခံစစ်ကစားသမားနှစ်ဦးနေရာတွင် မြန်မာယူ-၂၂ အသင်းမှ ကောင်းထက်ပိုင်နှင့် ဗီယက်နမ်ယူ-၂၂ အသင်းမှ တိုင်လောင်တို့ ပါဝင်လာခဲ့ကြသည်။

အလားတူ ကွင်းလယ်ကစားသမား သုံးဦးနေရာတွင် မလေးရှားယူ-၂၂ အသင်းမှ ဖာဇီလီ၊ အိုင်မယ်၊ ထိုင်းယူ-၂၂ အသင်းမှ တီယာဆက်၊ တိုက်စစ်ကစားသမား သုံးဦးနေရာတွင် အင်ဒိုနီးရှားယူ-၂၂ အသင်းမှ ဆာနန်တာ၊ ထိုင်းယူ-၂၂ အသင်းမှ ကီရီယွန်နှင့် တီမောလက်စ်တေယူ-၂၂ အသင်းမှ မက်ကွီတာတို့ ပါဝင်လာခဲ့ကြသည်။

ပြိုင်ပွဲ၏ အကောင်းဆုံးသွင်းဂိုးဆုကိုလည်း အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကိုအနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၃၈ မိနစ်တွင်သွင်းယူခဲ့သည့် သက်ဟိန်းစိုး၏ သွင်းဂိုးသတ်မှတ်ခံခဲ့ရပြီး ဟိန်းထက်အောင် ဖြတ်တင်ပေးခဲ့သည့်ဘောလုံးကို သက်ဟိန်းစိုးက ကမ္ဘောဒီးယားအသင်းဂိုးပေါက်ကို ကျောပေးပြီး နောက်ပြန်ကန်ချက်ဖြင့် လှလှပပ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# မစ်ဒယ်ဘရော့အသင်းသို့ အငှားချထားသည့် ဂိုးသမားစတက်ဖန်ကို ရောင်းချမည်ဟု မန်စီးတီးအသင်းပြောကြား

**မန်ချက်စတာ မေ ၂၂**

မန်စီးတီး အသင်းသည် ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့အသင်းသို့ အငှားချထားသည့် ဂိုးသမားစတက်ဖန်ကို လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဂိုးသမားစတက်ဖန်သည် မန်စီးတီးအသင်းသို့ ၂၀၁၉ ခုနှစ်ကရောက်ရှိခဲ့ပြီးနောက် နည်းပြဂွါဒီယိုလာ လက်အောက်တွင် ပြိုင်ပွဲစုံ ၂၁ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ဒုတိယဦးစားပေးဂိုးသမားအဖြစ်ပါ ပါဝင်ခွင့်မရခဲ့သောကြောင့် ၎င်းက ပွဲကစားခွင့်အတွက် အသင်းမှထွက်ခွာခွင့်တောင်းဆိုခဲ့ရာ ယခုနှစ်ဘောလုံးရာသီတွင် မစ်ဒယ်ဘရော့အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး ဘောလုံးရာသီကုန်တွင် အသင်းနှင့်ပြန်လည်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

သို့သော် လက်ရှိပရီးမီးယားလိဂ်ချန်ပီယံမန်စီးတီး အသင်းက လာမည့်နွေရာသီတွင် စတက်ဖန်ကို ရောင်းချရန် ဆုံးဖြတ်ထားပြီး ဘော်လ်တန်အသင်းတွင် လက်စွမ်းပြကစားနေသည့် လူငယ်ဂိုးသမား ထရက်ဖို့ဒ်ကို အနာဂတ်စီမံကိန်းအတွက် ပြန်လည်ခေါ်ယူရန်စီစဉ်လျက်ရှိသည်။

မန်စီးတီးအသင်းတွင် ပထမဦးစားပေးဂိုးသမား အီဒါဆန်နောက်တွင် ဂိုးသမားအိုတီဂါနှင့် ဂိုးသမား ကာဆန်တို့ရှိနေသောကြောင့် အငှားစာချုပ်ဖြင့်သွားရောက်ကစားနေသည့် ဂိုးသမားစတက်ဖန်အနေဖြင့် မန်စီးတီးအသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သော်လည်း ပွဲကစားခွင့်ရရှိမည်မဟုတ်သဖြင့် ၎င်းသည် အသင်းနှင့် ပူးပေါင်းမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဂျာမန်ကလပ် ဒူဆယ်ဒေါ့အသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေသကဲ့သို့ အသင်း တာဝန်ရှိသူများကလည်း ၎င်းကို ရောင်းချမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ML

# ဖိရင်နုအသင်းနည်းပြ အာနီစလော့ကိုခေါ်ယူရန် စပါးအသင်းသဘောတူညီမှုရရှိ

**လန်ဒန် မေ ၂၂**

စပါးအသင်းသည် နည်းပြကွန်တီကို ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်တစ်ဦး ရှာဖွေရန်ကြိုးပမ်းလျက်ရှိရာ ဖိရင်နုအသင်းကို ချန်ပီယံဆုဖလားရယူပေးခဲ့သည့် နည်းပြအာနီစလော့ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းသည် နည်းပြကွန်တီကို ထုတ်ပယ်ခဲ့ပြီးနောက် လက်ထောက်နည်းပြ စတယ်လီနီကို ခန့်အပ်ခဲ့သော်လည်း ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိသဖြင့် နည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ရိုင်ယန်မေဆန်ကိုသာ ယာယီနည်းပြအဖြစ်ခန့်အပ်ခဲ့ရပြီး တရားဝင်နည်းပြတစ်ဦးခန့်အပ်ရန်ကြိုးပမ်းလျက်ရှိရာ ယခုအခါ ဖိရင်နုအသင်းနည်းပြအာနီစလော့ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဖိရင်နုအသင်းဥက္ကဋ္ဌ ဒန်းနစ်အနေဖြင့် နည်းပြအာနီစလော့နှင့် လမ်းခွဲရန် ဆန္ဒမရှိသော်လည်း နည်းပြအနေဖြင့် စပါးအသင်းနှင့် သဘောတူညီမှုရရှိခဲ့ကာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ခြောက်သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စပါးအသင်းသည် ပွဲစဉ်(၃၇)အပြီးတွင် ရမှတ် ၅၇ မှတ်သာရရှိခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် အဆင့်(၈)သို့ကျဆင်းခဲ့ကာ အဆင့်(၇)နေရာတွင် ရပ်တည်နေသည့် အေဗီလာအသင်းနှင့် ရမှတ်တစ်မှတ်ကွာဟနေသောကြောင့် လာမည့် မေ ၂၈ ရက်တွင် ကစားရမည့်လိဒ်အသင်းနှင့်ပွဲစဉ်ကို နိုင်ပွဲရရှိမှသာ ယူရိုပါကွန်ဖရင့်လိဂ် ကစားခွင့်ရရှိရန် မျှော်လင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။




ML

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Elbit Systems က ပထမဆုံး M-346 လေ့ကျင့်ရေး၊ အမောင်းသင်လေယာဉ်နှစ်စင်းကို ဂရိလေတပ်သို့ပို့ဆောင်ပေးနိုင်ခဲ့



Elbit Systems ကုမ္ပဏီက ပထမဆုံး M-346 လေ့ကျင့်ရေး၊ အမောင်းသင် လေယာဉ်နှစ်စင်းကို ဂရိနိုင်ငံသို့ပေးပို့ခဲ့ရာ Kalamata မြို့ရှိ Hellenic International Flight Training Center တွင် ဆင်းသက်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း မေ ၁၈ ရက်က The Defense Post တွင် ဖော်ပြထားသည်။

အဆိုပါ အမောင်းသင်လေယာဉ်များ လွှဲပြောင်းပေးအပ်မှုသည် လေသူရဲများကို ခေတ်မီတိုက်လေယာဉ်များနှင့်လေ့ကျင့် သင်ကြားပေးရန် ဂရိနိုင်ငံ Hellenic လေတပ်အစီအစဉ်များထဲမှ တစ်စိတ် တစ်ပိုင်းဖြစ်သည်။ ဂရိနှင့်အစ္စရေးကာကွယ် ရေးဝန်ကြီးဌာနတို့ကြား မဟာဗျူဟာ မြောက် လေကြောင်းပူးပေါင်းဆောင် ရွက်မှုမြင့်တင်ရန် ကြိုးပမ်းမှုဟုလည်း ဆိုနိုင်သည်။

လီယိုနာဒိုက တည်ဆောက်ထားသည့် M-346 နှစ်ယောက်မောင်းလေယာဉ်တွင် ဒစ်ဂျစ်တယ်ပျံသန်းမှုထိန်းချုပ်မှုများ၊ လေသူရဲဦးထုပ်ပါ ပုံဖော်ပြမှုမျက်နှာပြင်များ နှင့် Fly-by-Wire ထိန်းချုပ်မှုစနစ်တို့ ပါရှိမည်ဖြစ်သည်။ ဂရိနိုင်ငံ၏မကြာသေးမီက ပေးပို့ထားသော M-346 လေယာဉ်များကို လက်တွေ့ဆန်သော ဝေဟင်တိုက်ပွဲ လေ့ကျင့်မှုများကို ပုံသဏ္ဌာန်တူ ဇာတ်တိုက်ပြုလုပ်နိုင်မည့် Elbit ၏ Virtual Avionics နှင့် ပေါင်းစပ်ထားခြင်းလည်းဖြစ်သည်။ လေယာဉ်၏ Onboard Simulation နည်းပညာကို လေယာဉ်အုပ်လေ့ကျင့်ရေးစီမံခန့်ခွဲမှုအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ရန် မြေပြင်အခြေစိုက် လေ့ကျင့်ရေးစနစ်ဖြင့် ချိတ်ဆက်လုပ်ဆောင်ထားသည်။

“ဂရိနိုင်ငံ Hellenic လေတပ်ကို ထိပ်တန်း လေ့ကျင့်ရေးစင်တာတွေနဲ့ စွမ်းဆောင်ရည်တွေ ပံ့ပိုးပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်”ဟု Elbit Systems Aerospace အထွေထွေမန်နေဂျာ Yoram Shmuely က ထုတ်ဖော်ပြောကြားသည်။

Kalamata မြို့ရှိ နိုင်ငံတကာ လေ့ကျင့်ရေးစင်တာတွင် ပထမဆုံး လေယာဉ်နှစ်စင်း ဆင်းသက်နိုင်ခဲ့ခြင်းသည် Elbit Systems အတွက်သာမက အစ္စရေးနှင့် ဂရိတို့ကြား မဟာဗျူဟာမြောက် ဆက်ဆံရေး တိုးတက်ဖွံ့ဖြိုးလာစေရန် အတွက် အရေးကြီးသော မှတ်တိုင်တစ်ခု ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသွားသည်။

M-346 လေယာဉ်အသစ်များသည် ဂရိနိုင်ငံ Hellenic လေတပ်အတွက် M-346 အမောင်းသင်လေယာဉ် ၁၀ စင်း ဝယ်ယူရေး သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။ ဝယ်ယူရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် Kalamata မြို့အခြေစိုက်လေ့ကျင့်ရေးစင်တာကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ လာမည့် လေယာဉ်အုပ်သည် လေယာဉ်မှူးများ၏ လေ့ကျင့်ရေးအတွေ့အကြုံကို အမြင့်ဆုံးအဆင့်သို့ ယူဆောင်လာရန်နှင့် နှစ်စဉ်ပျံသန်းမှုနာရီ ထောင်ပေါင်းများစွာရရှိရန် မျှော်မှန်းထားသည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ နိုင်ငံတကာ ပျံသန်းရေးလေ့ကျင့်ရေးစင်တာသည် လေတပ်သားများ အားလုံးအတွက် အခြေခံနှင့် အဆင့်မြင့်ပျံသန်းရေး၊ လေ့ကျင့်ရေးသင်တန်းများကို T-6 နှင့် M-346 အမောင်းသင် လေယာဉ်များ အသုံးပြု၍ ၂၂ နှစ်တာကာလအတွင်းပံ့ပိုးပေးသွားနိုင်ရန်ဖြစ်သည်ဟု ဂရိနိုင်ငံ ကာကွယ်ရေးဝန်ကြီး Nikos Panagiotopoulos က ရှင်းပြခဲ့သည်။

အရေးကြီးဆုံးကတော့ ဂရိလေတပ်အတွက် ဝင်ငွေရစေမည့်အရာဖြစ်ကြောင်း၊ International Flight Training Center သည် ဂရိနှင့်အစ္စရေးတို့ကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွင် ယနေ့ထိ အကြီးမားဆုံးသဘောတူညီချက်နှင့်မဟာဗျူဟာမြောက် စီမံကိန်းဖြစ်သောကြောင့် လေ့ကျင့်ရေးစင်တာအတွက် နိုင်ငံတကာ ဂုဏ်ဒြပ်ပြယုဂ် တစ်ခုလည်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

**Elbit Systems Delivers First Two M-346 Trainer Jets to Greece** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်ရေတပ်မှ T-38 USV ရေယာဉ်က ဂျော်ဒန်အနီးတွင် အစ္စရေးနှင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့

အမေရိကန်ရေတပ် အမှတ်(၅)စစ်ရေယာဉ်စု (US 5th Fleet)မှ T-38 USV ရေယာဉ်က ဂျော်ဒန်အနီး Aqaba ပင်လယ်ကွေ့တွင် အစ္စရေးနှင့်လေးရက်ကြာစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း မေ ၁၆ ရက်က အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (US DoD) ၏ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် မောင်းသူမဲ့စနစ်များနှင့်ဉာဏ်ရည်တုပေါင်းစပ်မှုကို ပင်လယ်ရေကြောင်း စစ်ဆင်ရေးများတွင် အသုံးပြုလာနိုင်စေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

Digital Shield ဟုအမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုတွင် အမှတ် (၅) စစ်ရေယာဉ်စု၏ မောင်းသူမဲ့စနစ်များနှင့်ဉာဏ်ရည်တုလုပ်ငန်းအဖွဲ့တစ်ခုဖြစ်သော အမှတ် (၅၉) စစ်ဆင်ရေးတပ်ဖွဲ့နှင့် MANTAS Devil Ray T-38 မောင်းသူမဲ့ရေယာဉ်တို့ ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ ပင်လယ်ရေကြောင်း ကြိုတင်သတိပေးခြင်းနှင့် ရေယာဉ်တိုက်ပွဲဝင် လေ့ကျင့်မှုအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များနှင့်အတူ အမေရိကန်တပ်ဖွဲ့ဝင်များက လေ့ကျင့်ခဲ့ကြခြင်းလည်းဖြစ်သည်။

အမေရိကန်နိုင်ငံ အမှတ် (၅) စစ်ရေယာဉ်စု ပေါင်းစည်းရေကြောင်းတပ်ဖွဲ့၊ ရေတပ်ကွပ်ကဲမှုဌာနချုပ် NAVCENT သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလက အမှတ် (၅၉) စစ်ဆင်ရေးတပ်ဖွဲ့ - Task Force 59 ကို တည်ထောင်ဖွဲ့စည်းခဲ့ပြီး မောင်းသူမဲ့စနစ် အသစ်များနှင့်ဉာဏ်ရည်တု နည်းပညာများကို အရှေ့အလယ်ပိုင်းရှိ အမေရိကန်ရေတပ်၏ ရှေ့တန်းကျကျ စစ်ဆင်ရေးများတွင် ပေါင်းစပ်ဖွဲ့စည်းပေးခဲ့သည်။ စတင် လုပ်ဆောင်ချိန်မှစ၍ လုပ်ငန်းအဖွဲ့သည် ဘာရိန်းနှင့် ဂျော်ဒန်နိုင်ငံ၊ Aqaba ပင်လယ်ကွေ့တို့ရှိ ဒေသဆိုင်ရာ အချက်အချာနေရာများတွင် မောင်းသူမဲ့ရေယာဉ်စနစ်သစ်များဖြင့် ရည်မှန်းချက် တာဝန်များ ထမ်းဆောင်နိုင်ခဲ့ကြသည်။

Task Force 59 သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက အစ္စရေးရေတပ်နှင့်အတူ ဒစ်ဂျစ်တယ်ဒိုင်းလေ့ကျင့်မှုကိုလည်း ပြုလုပ်ခဲ့သေးသည်။ ၎င်းအဖွဲ့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် နောက်ဆုံးပေါ် မောင်းသူမဲ့နည်းပညာများ ပေါင်းစပ်အသုံးပြုနိုင်မှုကို အရှိန်မြှင့်ဆောင်ရွက်ရန် အတွက် အရှေ့အလယ်ပိုင်းရှိ မိတ်ဖက်နိုင်ငံများမှ ရေတပ်များနှင့်လေ့ကျင့်မှုများ ပုံမှန်လုပ်ဆောင်လျက်ရှိသည်။



အမေရိကန်ရေတပ်၏ မောင်းသူမဲ့ရေယာဉ် T-38 ကို အမေရိကန်နိုင်ငံ မဲလ်ဘုန်းမြို့ ဖလော်ရီဒါပြည်နယ်ရှိ MAR-TAC ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းသည် T24 နှင့် T50 မျိုးကွဲများနှင့်အတူ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်ထုတ်လုပ်ခဲ့သော MANTAS အလတ်စား မောင်းသူမဲ့ရေယာဉ် အမျိုးအစားဖြစ်သည်။

အဆိုပါ USV များသည် အကြီးစား စစ်ဆင်ရေးများအတွက် ဒီဇိုင်းထုတ်ထားပြီး UAVs၊ UUVs နှင့် ROV စသည့် မောင်းသူမဲ့စနစ်များနှင့် ပေါင်းစပ်တိုက်ပွဲဝင်နိုင်သည်။ T-38 USV သည်အလျင်နှုန်း 25 knots၊ အမြင့်ဆုံးအမြန်နှုန်း 80 knots၊ အလေးချိန်ကီလိုဂရမ် ၂၉၅၀ နှင့် ရေစူးအနက် ၁၈ လက်မတို့ဖြင့် ခုတ်မောင်းသွားလာနိုင်သည်။ ဝန်တင်ဆောင်နိုင်အား အလေးချိန် ကီလိုဂရမ် ၂၀၅၀ ထိရှိသော T-38 သည် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးများတွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများအတွက် အသုံးပြုရန်သင့်လျော်သည့် မောင်းသူမဲ့ရေယာဉ်ဖြစ်သည်။

**US Navy's T-38 USV completes exercise with Israel near Jordan** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# တောင်တရုတ်ပင်လယ်တွင် တောင်ကိုရီးယား၏ ရပ်တည်ချက်အလားအလာ

အမေရိကန်၊ တရုတ်တို့နှင့် ဆက်ဆံရေးထိန်းညှိခြင်းသည် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း တောင်ကိုရီးယားအစိုးရများ ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒပင်ဖြစ်သည်။ အင်အားကြီးမားသော မဟာမိတ်အမေရိကန်နှင့် အကြီးမားဆုံးကုန်သွယ်ဖက်တရုတ်နိုင်ငံတို့ကြား အကျပ်ရိုက်နေသော တောင်ကိုရီးယားသည် အဆိုပါအင်အားကြီး နှစ်နိုင်ငံ၏ ဗိုလ်ကျစိုးမိုးရေးပြိုင်ပွဲတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ ခပ်ကင်းကင်းနေလျက်ရှိသည်။ အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် အထိအခိုက်မခံသော နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ရေငုံနှုတ်ပိတ်နေလျက်ရှိသည်။

သို့သော် အင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့်နည်းပညာမှသည် လုံခြုံရေးထိ မဟာဗျူဟာမြောက် နယ်ပယ်အားလုံးတွင် ပြိုင်ဆိုင်မှုပြင်းထန်လာသောကြောင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရပ်တည်ရန်ခက်ခဲလာခဲ့သည်။ အထူးသဖြင့် ဆက်စပ်ရေပိုင်နက်များအတွင်း တင်းမာမှုများမြင့်တက်လာသောကြောင့် အင်အားကြီးနိုင်ငံများကြား ပေါက်ကွဲလုနီးပါး အခြေအနေများသည် စစ်ရေးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် တောင်ကိုရီးယားသည် အင်ဒို-ပစိဖိတ်ဒေသတွင် ပင်လယ်ရေကြောင်းဆိုင်ရာ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အကျပ်အတည်းများ ရင်ဆိုင်လာရတော့မည်ဖြစ်သည်။


အနောက်ပစိဖိတ်၏ အကျယ်ပြန့်ဆုံးပင်လယ်ပြင်အနားသတ်သည် ဆူမားတြားမှသည် တရုတ်(တိုင်ပေ)ထိ ရေမိုင် ၁၈၀၀ ခန့်ရှည်လျားသောကြောင့် တောင်တရုတ်ပင်လယ်ပြင်သည် အမေရိကန်နှင့်တရုတ်နိုင်ငံတို့ကြား မဟာဗျူဟာမြောက်ယှဉ်ပြိုင်သည့်နေရာဖြစ်လာပြီး ၎င်းတို့အနေဖြင့်ဒေသတွင်း၌ လွှမ်းမိုးထိန်းချုပ်ရန်ပြိုင်ဆိုင်လာကြသည်။ အမေရိကန်၏ရှုထောင့်အရ တောင်တရုတ်ပင်လယ်ပြင်ကို အာရှ-ပစိဖိတ်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာဒေသများသို့ အမေရိကန်၏ အာဏာဖြန့်ကြက်ရန်နှင့် တရုတ်၏အာဏာဖြန့်ကြက်မှုကို ထိန်းချုပ်ရန်ကြားခံဇုန်အဖြစ် သဘောထားလျက်ရှိသည်။ တရုတ်နိုင်ငံအတွက်မူ တောင်တရုတ်ပင်လယ်ပြင်သည် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာများသို့သွားလာရာတွင် အထောက်အကူဖြစ်စေပြီး တရုတ်နိုင်ငံကို အရှေ့အလယ်ပိုင်းအပြင် အာဖရိကနိုင်ငံတို့နှင့်လည်း ချိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အရှေ့အာရှတွင် ပင်လယ်ရေကြောင်းဆိုင်ရာ လွှမ်းမိုးချုပ်ကိုင်နိုင်ရေးရည်မှန်းထားရှိသောကြောင့် အမေရိကန်၏ စစ်ရေးနှင့်မဟာဗျူဟာမြောက်လွှမ်းမိုးမှုကိုတုံ့ပြန်ရန် တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက်နေရာလည်းဖြစ်သည်။

ထို့ကြောင့် တိန့်ရှောင်ဖိန်လက်ထက်ကတည်းက ကျွန်းတန်းများ ချုပ်လုံးပေါ်အောင်ဆောင်ရွက်မှုနှင့်အတူ တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ မဟာဗျူဟာကို ပြောင်းလဲကျင့်သုံးလာခဲ့သည်။ ပထမဆုံးကျွန်းတန်းကို ကျန်ဇီမင်းလက်ထက်တွင် ရေးဆွဲခဲ့ပြီး ကမ်းခြေများကာကွယ်ရေးအနေဖြင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်မှသည် ဂျပန်ကျွန်းများထိ ပါဝင်သည်။ ထို့နောက် ဒုတိယကျွန်းတန်းသည် ဟူကျင်တောင်းလက်ထက်တွင် ထွက်ပေါ်လာခဲ့ပြီး ဂျပန်နိုင်ငံ၏ အစ်ဂူကျွန်းများမှသည် ပါပူဝါနယူးဂီနီနိုင်ငံထိ အကျုံးဝင်သည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်တပ်ဖွဲ့များကို တားဆီးပိတ်ဆို့ရေးအတွက် နယ်မြေအတွင်းဝင်ရောက်မှုဆန့်ကျင်ခြင်းနှင့်ပိတ်ဆို့ခြင်း (A2/AD) စနစ်များကိုလည်း စတင်လုပ်ဆောင်လျက်ရှိသည်။

ရှီကျင့်ဖျင်လက်ထက်တွင် တရုတ်နိုင်ငံသည် ရေတပ်ဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်လျက်ရှိသည့်အပြင် တောင်တရုတ်ပင်လယ်ပြင်တွင် စစ်ရေးအထောက်အကူပြု လူလုပ်ကျွန်းများကိုလည်း တည်ဆောက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းနှင့်နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် ကျွန်းစုများ၊ သန္တာကျောက်တန်းများ ပိုင်ဆိုင်ရေးတွင် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် အငြင်းပွားလျက်ရှိရာ တရုတ်နိုင်ငံသည် နိုင်ငံတကာခုံရုံး၏ စည်းမျဉ်းစည်းကမ်းများကိုလျစ်လျူရှုကာ သက်ဆိုင်ရာနိုင်ငံနှင့်သာ ဖြေရှင်းသွားရန် ကြိုးပမ်းခဲ့သည်။

တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုသည် အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်၏ စစ်ဘက်တည်ရှိမှုနှင့် စစ်ရေးယာဉ်များဖြန့်ကြက်မှုတို့အတွက် အရေးပါသည့် လွတ်လပ်စွာရေကြောင်းသွားလာခွင့်



ကို စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်၏အာရုံစိုက်မှုသည် အင်ဒို-ပစိဖိတ်သို့ ရွှေ့ပြောင်းလာခဲ့သည်။ ထို့နောက် တောင်တရုတ်ပင်လယ်ပြင်တွင် ၎င်း၏ရေတပ်တည်ရှိမှုကို တိုးမြှင့်ကာ တရုတ်နိုင်ငံ၏စစ်ရေးဆိုင်ရာ လွှမ်းမိုးမှုကို ဟန့်တားရန် ကြိုးပမ်းလာခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်တွင် တင်းမာမှုများဖြစ်လာခြင်းသည် အမေရိကန်နှင့်တရုတ်တို့ကြား စစ်ရေးဆိုင်ရာပဋိပက္ခများ မြင့်တက်လာစေခဲ့သည်။ ပဋိပက္ခမှန်သမျှသည် တောင်ကိုရီးယားနိုင်ငံ၏အမျိုးသားအကျိုးစီးပွားများအပေါ် ထိခိုက်လာစေနိုင်သည်။ ဖြစ်နိုင်ခြေရှိသော စစ်ရေးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုများသည် ပင်လယ်ရေကြောင်းသွားလာမှုနှင့် ပို့ဆောင်ဆက်သွယ်ရေးလိုင်းများကို ကမောက်ကမဖြစ်စေပြီး ပြည်ပပို့ကုန်အပေါ် မှီခိုသည့် စီးပွားရေးလုပ်ငန်းကို ထိခိုက်စေမည်ဖြစ်သည်။ တောင်ကိုရီးယား၏ကုန်သွယ်မှု ၄၀ ရာခိုင်နှုန်းနှင့် ရေနံစိမ်းတင်သွင်းမှု ၉၀ ရာခိုင်နှုန်းခန့်သည် ဒေသတွင်းရေလမ်းကြောင်းများမှ ဖြတ်သန်းသယ်ယူ ပို့ဆောင်လျက်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အမေရိကန်နှင့်တရုတ်တို့အနေဖြင့် ဒေသတွင်း၌ လွှမ်းမိုးမှုနှင့် မဟာမိတ်ဖွဲ့စည်းမှု တိုးချဲ့လျက်ရှိသောကြောင့် အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်တွင် တောင်ကိုရီးယား၏ စစ်ဘက်ဆိုင်ရာအကူအညီများ တောင်းခံသွားဖွယ်ရာရှိနေသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် တောင်ကိုရီးယားသည် တောင်တရုတ်ပင်လယ်ပြင် အငြင်းပွားမှုအတွက် ငြိမ်းချမ်းသောအဖြေရရှိရန်လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လွတ်လပ်စွာရေကြောင်းသွားလာခွင့်ကို ထောက်ခံခဲ့သည်။ သို့သော် တောင်ကိုရီးယားအနေဖြင့် တရုတ်ကို ဒေါသူပုန်မထစေရန်အတွက် ဒေသတွင်း ပေါက်ကွဲလုနီးပါး အခြေအနေများအပေါ် စစ်ရေးအရချဉ်းကပ်မှုပုံစံကို ရှောင်ရှားလျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံအတွက်မူ တရုတ်နိုင်ငံသည် အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံလည်းဖြစ်နေသည့်အတွက် အာရှရှိ အိမ်နီးချင်းနှစ်နိုင်ငံအနေဖြင့် ဘုံစိန်ခေါ်မှုများကို အနီးကပ်ပူးပေါင်းဖြေရှင်းနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ သို့သော် ဒေသတွင်း ရေပိုင်နက်များအတွင်း တင်းမာမှုများမြင့်တက်လာသောကြောင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် အင်အားကြီးနှစ်နိုင်ငံကြား မဟာဗျူဟာမြောက် ဆက်လက်ရပ်တည်ရန် ခက်ခဲလာတော့သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် အင်အားကြီးနှစ်နိုင်ငံကြား တစ်ဖက်ဖက်တွင် ရပ်တည်သည်ထက် ဆုပ်လည်းစူး စားလည်းရှူးအခြေအနေမှဖောက်ထွက်ပြီး ပင်လယ်ပြင်ရှိ အမျိုးသားအကျိုးစီးပွားကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေသတွင်းပင်လယ်ရေကြောင်းဆိုင်ရာကိစ္စများတွင် ကြီးမားသောအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ခြင်းအားဖြင့် တောင်တရုတ်ပင်လယ်တွင် လွတ်လပ်စွာရေကြောင်းသွားလာခွင့်နှင့် စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းထူထောင်ရေးတို့အပြင် အင်ဒို-ပစိဖိတ်ရေပိုင်နက်တစ်ဝန်း ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထူထောင်သွားနိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ပင်လယ်ရေကြောင်းလုံခြုံမှုနှင့်တည်ငြိမ်မှု ခိုင်မာအားကောင်းရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သော ကြိုးပမ်းမှုများမြှင့်တင်ရာတွင် ဦးဆောင်မှုအခန်းကဏ္ဍ ရယူနိုင်ရေးအတွက် ကောင်းမွန်သော အနေအထားတွင် ရှိနေသည်။ နိုင်ငံတကာရေပိုင်နက်များအတွင်း နိုင်ငံပေါင်းစုံမှ စီမံအုပ်ချုပ်နေသော်လည်း ခိုင်မာသောဗဟိုအာဏာနှင့်ခေါင်းဆောင်မှုမရှိလျှင် နိုင်ငံတကာဥပဒေများနှင့် စံနှုန်းများပျက်ပြယ်ပြီး ပဋိပက္ခများကိုသာ ဖြစ်ပွားစေနိုင်သည်။

အင်ဒို-ပစိဖိတ်၏ ပင်လယ်ရေကြောင်းလုံခြုံမှုပတ်ဝန်းကျင်တွင် တင်းမာမှုများလျော့ချပြီး စည်းမျဉ်းစည်းကမ်း အခြေခံသောအခင်းအကျင်းတည်ဆောက်နိုင်ရေးအတွက် ဒေသတွင်း၌ သံသယဖြစ်ပွားမှုများလျှော့ချပြီး ကမ္ဘာလုံးဆိုင်ရာ ပင်လယ်ရေကြောင်းဥပဒေများနှင့် စံနှုန်းများ ပြန်လည်တည်ဆောက်သွားရန် လိုအပ်သည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်၊ တရုတ်တို့အပြင် ဒေသတွင်းနှင့် ဒေသပြင်ပရှိနိုင်ငံများနှင့်လည်း ယုံကြည်မှုတည်ဆောက်သည့်လုပ်ငန်းများ မြှင့်တင်သွားနိုင်ပေသည်။ သာဓကအနေဖြင့် ရေတပ်စစ်သင်္ဘောများကြား တယ်လီဖုန်းလိုင်း တပ်ဆင်ထားခြင်းသည် ဘေးကင်းလုံခြုံသော ရေကြောင်းသွားလာမှုအတွက်ခိုင်မာသောခြေလှမ်းတစ်ရပ်ဖြစ်သည့်အပြင် ပင်လယ်ပြင်တွင် အငြင်းပွားမှုများကိုလည်း တားဆီးစေနိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် မဟာဗျူဟာနှင့်စစ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ လိုအပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် ဒေသတွင်းပင်လယ်ရေကြောင်းဆိုင်ရာမူဝါဒများလိုအပ်လျက်ရှိပြီး စစ်ရေးမှသည် စီးပွားရေးထိ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့်ဆက်စပ်သော အမျိုးသားအကျိုးစီးပွားများကို ပေါင်းစပ်ဖြေရှင်းသွားရန် လိုအပ်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ပင်လယ်ရေကြောင်း အခန်းကဏ္ဍနှင့် အကျိုးစီးပွားများကိုသတ်မှတ်သွားသင့်သည့်အပြင် ဒေသတွင်းရေပိုင်နက်များအတွင်း ကြီးထွားလာနိုင်သည့်တင်းမာမှုများဖြေရှင်းနိုင်ရေး ကာလလတ်နှင့်ကာလရှည်မဟာဗျူဟာများ ချမှတ်သွားရန် လိုအပ်ပေသည်။ အထူးသဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်၏လှုပ်ရှားမှုများတွင် ပါဝင်ရာ၌ မည်သည့်နယ်ပယ်တွင် ပါဝင်ဆောင်ရွက်သွားမည်ဆိုသော အချက်ကို ပြန်လည်သုံးသပ်သွားရန် လိုအပ်သည်။

ထို့ပြင် တောင်ကိုရီးအနေဖြင့် ၎င်း၏ပင်လယ်ရေကြောင်း အကျိုးစီးပွားများမြှင့်တင်ရာတွင် ရေတပ်စွမ်းဆောင်ရည်ကိုလည်း အဆင့်မြှင့်တင်သွားရန်လိုအပ်သည်။ ရေတပ်ဆိုင်ရာ စွမ်းဆောင်ရည်များအပြင် သံခင်းတမန်ခင်းဆက်ဆံရေးကိုလည်း တိုးမြှင့်သွားရန်လိုအပ်သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ခိုင်မာအားကောင်းလာအောင် ကြိုးပမ်းလျက်ရှိသော်လည်း တောင်ကိုရီးယားအနေဖြင့် စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းနှင့် နိုင်ငံတကာဥပဒေကိုထိန်းသိမ်းလာသည့်အချိန်တွင် အာဆီယံနိုင်ငံများက ၎င်းအပေါ် ယုံကြည်မှုကျဆင်းလာခဲ့သည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် အကျပ်အတည်းများမှသည် အခွင့်အလမ်းရရှိအောင် လုပ်ဆောင်သွားရန်လိုအပ်သည်။ တောင်ကိုရီးယားအနေဖြင့် ပဋိပက္ခနှင့် ထိပ်တိုက်ရင်ဆိုင်မှုများကိုရှောင်ရှားကာ ၎င်း၏အလယ်အလတ်ပါဝါကိုအသုံးချလျက် စည်းမျဉ်းစည်းကမ်းအခြေခံသော ပင်လယ်ရေကြောင်းအခင်းအကျင်းကို ချဉ်းကပ်သွားသင့်ပေသည်။ ထို့ကြောင့် တောင်ကိုရီးယားအနေဖြင့် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ ရှောင်ရှား၍ရမည်မဟုတ်ဘဲ ရပ်တည်ချက်သဘောထားကို ထုတ်ဖော်ပြသရတော့မည်ဖြစ်သည့်အတွက် ရေတပ်အင်အားတိုးချဲ့တည်ဆောက်ကာ လက်တွေ့ကျကျ ချဉ်းကပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- **South Korea Can Play a More Active Role in the South China by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Winnie the Pooh:Blood and Honey-2 ကို ယခုနှစ်အတွင်း ရိုက်ကူးမည်




နယူးယောက် မေ ၂၂

Winnie the Pooh:Blood and Honey-2 ဇာတ်ကားကို ယခုနှစ် ဆောင်းဦးရာသီတွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း Holly-wood Reporter သတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို မူလ Winnie the Pooh: Blood and Honey ဒါရိုက်တာ ရိုင်းဖရိတ် ဝါးတားဖီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Winnie the Pooh: Blood and Honey-2 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်ကိုမူ Winnie the Pooh ထက် ပိုသုံးစွဲရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

မူလ Winnie the Pooh ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ သာရှိခဲ့သော်လည်း နိုင်ငံတကာဈေးကွက်၌ အကန့်အသတ်ဖြင့် ရုံတင်ပြသမှုမှပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ခြောက်သန်းထိ ရရှိခဲ့သည်။

အဆိုပါဇာတ်ကားတွင် မင်းသား နီကိုလိုင်လီယွန်၊ မင်းသမီး မာရီယာတေလာ၊ နာတာရှာရှို့ဗေး တို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်ခဲ့ကြသည်။

လက်ရှိတွင် Winnie the Pooh: Blood and Honey-2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

KKO

# Killers of the Flower Moon ကို ကန်းစ်ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသ

နယူးယောက် မေ ၂၂

Apple ရုပ်ရှင်စတူဒီယို၏ Killers of the Flower Moon ရုပ်ရှင်ဇာတ်ကားကို ပြင်သစ်နိုင်ငံ ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ မေ ၂၀ ရက်တွင် ပွဲဦးထွက်ပြသခဲ့ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Killers of the Flower Moon ဇာတ်ကားကို ဒါရိုက်တာ မာတင်စကော်စီစီက ရိုက်ကူးပေးထားပြီး မင်းသား လီယိုနာဒိုဒီကာပရီယို၊ ရောဘတ်ဒီနီရိုနှင့် မင်းသမီး လိုင်လီဂလက်စတုန်းတို့ အပါအဝင် နာမည်ကျော်သရုပ်ဆောင်များအပြား ပါဝင်ထားသည်။

အဆိုပါဇာတ်ကားနှင့် ဒါရိုက်တာ မာတင်စကော်စီစီတို့သည် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော် ပရိသတ်၏ သောင်းသောင်းဖျဖျ အားပေးမှု ရယူနိုင်ခဲ့သည်။

Killers of the Flower Moon ဇာတ်ကားသည် ၁၉၂၀ ပြည့်နှစ်အတွင်း အိုကလာဟိုးမားပြည်နယ်၌ ဌာနေတိုင်းရင်းသားလူနည်းစုဝင်များ ထူးထူးဆန်းဆန်း အသတ်ခံရမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ပြသချိန် ၃ နာရီနှင့် မိနစ် ၃၀ ခန့်ထိကြာမြင့်ချိန်ရှိသော Killers of the Flower Moon ဇာတ်ကားအတွက် Apple ရုပ်ရှင်စတူဒီယိုသည် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာသန်း ၂၀ ထိ သုံးစွဲခဲ့ရကြောင်း သိရသည်။ KKO




# ဒဂုံမြို့နယ် ယောမင်းကြီး Art Gallery ပန်းချီပြခန်းတွင် The Life of Art အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ယောမင်းကြီး Art Gallery ပန်းချီပြခန်းတွင် The Life of Art အမည်ရှိ အွန်လိုင်းပန်းချီပြပွဲကို မေ ၂၇ ရက်မှ မေ ၃၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ ကိုကိုအောင်(စမ်းချောင်း)က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာ၊ ပန်းချီဆရာမ ကိုးဦး၏ စိတ်ကြိုက်ရေးဆွဲထားသည့် ပန်းချီကား ၁၀၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ပန်းချီ ရွှေနီထွန်း၊ ပန်းချီ သိန်းအေး၊ ပန်းချီ ဝင်းဇော်၊ ပန်းချီ အောင်အောင်၊ ပန်းချီ ဝင်းမင်း၊ ပန်းချီ လရောင်၊ ပန်းချီဆရာမ နန္ဒာ၊ ပန်းချီ ညိမ်းအောင်၊ ပန်းချီ အောင်ကျော်ဟိန်း တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။



"ဈေးကွက်ထဲမှာ နာမည်ရပြီးသားဖြစ်တဲ့ ပန်းချီဆရာ၊ ပန်းချီဆရာမကိုးယောက်ရဲ့ အခုရက်ပိုင်းအတွင်းမှာ စိတ်တိုင်းကျ ရေးခြစ်ထားတဲ့လက်ရာစုံပန်းချီကား ၁၀၀ ကိုပြသမှာဖြစ်ပါတယ်။ ပန်းချီဆရာတွေ ရောင်းတမ်းအတွက်မဟုတ်ဘဲ စိတ်ကြိုက်ရေးထားတဲ့ ပန်းချီကားတွေဟာ ပန်းချီစုဆောင်းသူအတွက်တော့ တန်ဖိုးဖြတ်လို့မရပါဘူး"ဟု ပန်းချီ ကိုကိုအောင်(စမ်းချောင်း)က ပြောပြသည်။

အဆိုပါပန်းချီပြိုင်ပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံး ငွေကျပ်သုံးသိန်းထိရှိကြောင်း သိရသည်။

ASH

# Venom-3 ဇာတ်ကားတွင် မင်းသား ချီဝီတယ်အက်ဂျီယိုဖော် ပါဝင်မည်

နယူးယောက် မေ ၂၂

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Venom-3 ဇာတ်ကားတွင် မင်းသား ချီဝီတယ်အက်ဂျီယိုဖော် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

Venom-3 ဇာတ်ကားတွင် မင်းသား ချီဝီတယ်အယ်ဂျီယိုဖော်သည် မင်းသား တွမ်ဟာဒီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် Venom-3 ဇာတ်ကား၌ ချီဝီတယ်အက်ဂျီယိုဖော် ပါဝင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

မင်းသား ချီဝီတယ်အက်ဂျီယိုဖော်သည် ယခင်က မာဗယ်စတူဒီယို၏ စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားများ၌ အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

Venom-3 ဇာတ်ကားကို ဒါရိုက်တာ ကယ်လီမာဆယ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းကို လာမည့်နှစ်လအတွင်း စတင်မည်ဖြစ်သည်။

Venom-3 ဇာတ်ကားကို ၂၀၂၄ ခုနှစ်အတွင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက ရုံတင်ပြသဖွယ်ရှိကြောင်း သိရသည်။ KKO



# ရုရှားနိုင်ငံတွင်ကျင်းပမည့် ဖန်တီးမှုစွမ်းရည်အမျိုးသားအဆင့် ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၂

ရုရှားနိုင်ငံတွင် ကျင်းပမည့် ဖန်တီးမှုစွမ်းရည် အမျိုးသားအဆင့် ဖိတ်ခေါ်ပြိုင်ပွဲ (National Open Championship of Creative Skills (ARTMASTERS) သို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးဌာနမှ တွဲဖက်ပြန်ကြားရေးမှူး အကော်ဒီယံ ဦးအောင်မင်းနိုင်က ပြောပြ၍ သိရသည်။

ရုရှားနိုင်ငံတွင် ကျင်းပမည့် ဖန်တီးမှုစွမ်းရည် အမျိုးသားအဆင့် ဖိတ်ခေါ်ပြိုင်ပွဲသို့ မျိုးဆက်သစ်ဂီတ ဖန်တီးနိုင်သူများကို မြန်မာနိုင်ငံဂီတအစည်းအရုံးက ဖိတ်ခေါ်ပြီး ပြိုင်ပွဲတွင် ဆုရရှိသူငါးဦးကို မြန်မာနိုင်ငံ၌ဆုချီးမြှင့်မည့်အပြင် ဖန်တီးမှုလက်ရာများကို ရုရှားထိ ဆက်လက်ပေးပို့ယှဉ်ပြိုင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

"မြန်မာနိုင်ငံက ဂီတဖန်တီးမှုတွေကို မေ ၂၈ ရက် နောက်ဆုံးထားပြီး ပေးပို့ဖို့ ပြန်ကြားရေးဌာနကို ရုရှားနိုင်ငံအနေနဲ့အကြောင်းကြားလာပါတယ်။ ကျွန်တော့်ဆီက ရွှက်ပုန်းသီး တက်သစ စ မျိုးဆက်သစ်ဂီတသမားတွေရဲ့ ဆန်းသစ်တီထွင်မှုတွေ တိမ်မြုပ်နေသလိုဖြစ်နေတယ်။ နာမည်ကြီးအဆိုတော်တွေကပဲ ပေါ်လွင်နေတယ် ပြောတယ်။ တကယ်တတ်ကျွမ်းနေတဲ့ ပညာရှင်လေးတွေလဲ ရှိကြမှာပဲ။ ကိုယ်တင်ပြချင်တဲ့ အနုပညာ ဖန်တီးမှုလက်ရာတွေ ပြသချင်ရင် နိုင်ငံတကာလဲပို့ပေးမယ်။ မြန်မာနိုင်ငံက ဂီတနေ့ဖြစ်တဲ့ ဇွန် ၂၇ ရက်မှာ ထိုက်ထိုက်တန်တန်ဆုကြေးတွေ ချီးမြှင့်ပေးသွားဖို့ ရည်ရွယ်ချက်နဲ့ ပြိုင်ပွဲဝင်ဖို့ဖိတ်ခေါ်တာပါ။ ပြိုင်ပွဲဝင်သူတွေက ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်ဖန်တီးထားတဲ့ ဂီတပညာရပ်တွေ၊ အဆိုပိုင်းတွေလဲ ပါဝင်ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ သီချင်းခွေထွက်ရှိထားသူပဲဖြစ်ဖြစ် သူ့ရဲ့ဖန်တီးမှုတိုင်းက အသစ်ဖြစ်နေရပါမယ်။ ပြိုင်ပွဲဝင်လာသူတွေကို ဆန်ခါတင် သေချာစိစစ်ပြီးတော့ ဆုရသူငါးယောက်ကို ရုရှားနိုင်ငံ(ARTMASTERS)ကို ပို့ပေးသွားမှာဖြစ်ပါတယ်"ဟု တွဲဖက်ပြန်ကြားရေးမှူး အကော်ဒီယံ ဦးအောင်မင်းနိုင်က ပြောပြသည်။

အဆိုပါပြိုင်ပွဲမှ ဆုရရှိသူ ငါးဦးကို မြန်မာနိုင်ငံ ဂီတနေ့ ဇွန် ၂၇ ရက်တွင် ဆုချီးမြှင့်ပေးသွားမည်ဖြစ်သည့်အပြင် ပြိုင်ပွဲက ရွေးချယ်ခံရသူများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့တွင် တေးသီချင်းများသီဆိုတင်ဆက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# SAC Chairman Prime Minister Senior General Min Aung Hlaing pays homage to ancient pagodas in Bago, inspects maintenance of Kanbawzathadi Palace



**Nay Pyi Taw May 22**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla and officials, Bago Region Chief Minister U Myo Swe Win, Commander of Yangon Command Maj-Gen Zaw Hein, Commander of Southern Command Maj-Gen Htein Win and officials, paid homage to ancient pagodas in Bago of Bago Region this morning.

**More than 1,000 years old historic Kyaikpyinnyaya Pagoda**

The Senior General and party viewed renovation of more than 1,000 years old historic Kyaikpyinnyaya Pagoda located near Bago University in new Oktha town of Bago Township and offered flowers, water and oil light to the pagoda. The Senior General and wife made cash donations for the pagoda to the Bago Region Chief Minister.

Officials reported on progress of renovation at the pagoda and future tasks. The Senior General stressed the need to systematically calculate renovation tasks for long term endurance. The Senior General called for construction of upper, middle and lower terraces as it cannot accommodate a large number of pilgrims. It is necessary to beautify the precinct of the pagoda with systematic drainage system. As it is a pagoda built by Mon ethnics, the architectural works must comprise that of Mon ethnics. The Senior General called for participation of people and monks in renovation of the pagoda as part of doing meritorious deeds.

The Senior General viewed renovation tasks at the pagoda and gave guidance to officials after going round the pagoda clockwise.



Senior General Min Aung Hlaing makes cash donation.

**Hsutaungpyae tooth relic Mahazedi Pagoda**

The Senior General and party arrived at Hsutaungpyae tooth relic Mahazedi Pagoda built by Hanthawady Hsinbyumyarshin King Bayintnaung in Mazin



Senior General Min Aung Hlaing hears report on upgrading of Kyaikpyinnyaya Pagoda.

Ward of Bago. King Bayintnaung established the second Myanmar Empire. The Senior General paid homage to the pagoda and offered flowers, water and oil lights. The Senior General donated cash to the all-round renovation fund to the pagoda board of trustees who returned the Dhamma gifts. The Senior General signed the guest book.

After visiting the pagoda, the Senior General instructed officials to maintain the pagoda for its long term existence.

**Shwethalyaung reclining Buddha Image**

The Senior General and party paid homage to Shwethalyaung reclining Buddha image also called Shinpin Thalyaung and donated flowers, water and oil lights. The Senior General and wife presented cash to the fund of the Buddha image for all-round renovation to officials who gave Dhamma gifts. The Senior General signed the guest book.

The Senior General and party went round the Buddha image clockwise and urged officials to always maintain the pagoda for long term existence, cleanliness and magnificence.

The Senior General and party viewed the religious utensils and traditional product shops in the prayer hall.

**Shwemawdaw Pagoda**

Next, the Senior General and party visited the Shwemawdaw Pagoda to which they offered flowers, water and oil lamps. Then, the Senior General and wife made a multi-purpose cash donation. Officials accepted the donation and returned gifts of Dhamma. The Senior General signed the guests' book. The Senior General and party paid homage to Sutaungpyae Bilu Yannaing Pagoda on the pagoda's upper tier.



Senior General Min Aung Hlaing pays homage to a Buddha statue.

After viewing the ancient Buddha statues, jewels and other utensils inside the Shwemawdaw Pagoda history museum, the Senior General stressed the need to maintain them, left other necessary instructions and went round the pagoda clockwise.

*See Page 13*




Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to Hsutaungpyae tooth relic Mahazedi Pagoda.



*From Page 12*

**Kanbawzathadi Golden Palace**

The Senior General, wife and party went to the Kanbawzathadi Golden Palace and viewed the display of take posts unearthed while the Myaynan Pyathad building was being excavated, maintenance of the palace, the utensils used by ancient kings, the ancient Buddha statues and utensils displayed inside the Hanthawady Archaeology Museum and a display of Bamarathana throne.

After hearing reports by officials, the Senior General called for prompt maintenance measures for the palace and the need for keeping it without harming the original style. He also spoke of the need to show displayed items at the museum in accord with the modern age, rebuild the carriage ridden by King Bayintnaung without harming the original style, always make the palace neat and clean and carry out excavation work in the ancient city of Hanthawady.

Afterwards, the Senior General signed the visitors' book of the palace.

King Bayintnaung built a new grand palace with 3,400 square metres and five main doors in four corners totalling 20 doors. It was named Kanbawzathadi. The king died at 66 in 943 ME (AD 1581). During the reign of his son King Nanda, the city of Hanthawady was set on fire. After the palace disappeared among the debris for about 400 years, the Archaeology Department did research and excavated the palace from 1990 to 1997. When the excavation of Myaynan Pyathad building on 13 December 1993, the stakes of Myaynan Pyathad building, Sanu building, Letwewin and Letyawin building were discovered. From there, teak post remnants were found and donor names were found on some of them. Then, those buildings were rebuilt like the original styles after seeking coordination on the ancient documents. The palace is now crowded with visitors at home and abroad.

100



Senior General Min Aung Hlaing accepts a Dhamma gift.



Senior General Min Aung Hlaing visits Shwethalyaung Pagoda.



Senior General Min Aung Hlaing makes cash donation for Bago Phaya Gyi Pagoda.



Senior General Min Aung Hlaing views an unearthed teak post from Kanbawzathadi Golden Palace.

# Support domestic production for national economic development; hard work and job generation are pivotal



Senior General Min Aung Hlaing meets MSME entrepreneurs in Bago Region.

**Nay Pyi Taw May 22**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs from Bago Region at the City Hall in Bago this afternoon and discussed regional and economic development.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, union ministers, Bago Region Chief Minister U Myo Swe Win, senior officials from Office of Commander-in-Chief, Southern Command Commander Maj-Gen Htain Win, deputy ministers, region level officials, towns elders and officials.

**Individual presentations on MSME functions and requirements**

The chief minister reported on endeavours for development of local MSMEs, internal and external investments, situation of MSMEs.

Bago Region Rice Millers Association chair U Pyae Phyo Aung, Oil Millers Association chair U Moe Thet, U Aung Kyaw Hsan on behalf of sculpture eentrepreneurs, U Zeyamin of Lighthouse Coffee (Toungoo), U Htay Win on behalf of steel millers, townelder U Sunny and other attendees discussed State's financial and technological assistance for development of rice milling business, extension of palm oil industry which has a local market, development of the local successful sculpture industry and State's assistance for its participation in internal and external art and craft exhibitions, capital for coffee business development, assistance for operating local MSMEs, possible benefits for setting up township level brokerages for farming businesses, and requirements for emergence of good human resources and regional development. The Senior General looked into the requirements.

**Union ministers' sector-wise clarifications**

Union ministers explained ministry-wise implementations, State's disbursement of loans under various headings, provision of financial loans only after all the previous loans are repaid, availability of business loans and procedures, ongoing soft loan programs for business extension, effective use and repayment of loans, proper ways to get further financial assistance for business expansion, availability of machinery, investment and technology for agro-businesses through the relevant departments, extension of forested areas in the region through inclusive participation in and prioritization of environmental conservation, MSME fairs and competitions to extend markets for local products, and continuous contacts with MSME task groups. The chief minister discussed undertakings for MSME development.

**Visiting Bago Region for business development**

As regards regional and economic development, the Senior General said the goal of the visit is to seek means for national economic development, and fulfill the needs of entrepreneurs in Bago Region. Based on the presentations, the government devises plans for business development. Bago Region has the most robust economy in all regions and states after Mon State. It is a region reliable for national economy. Country's economy started to fall in 2018. The economy further dropped in 2020 due to Covid-19. In 2021, the nation saw negative economic growth due to Covid-19 and political conflicts.

**Products based on agriculture and livestock breeding promoted**

In the past, only a few measures were taken to promote domestic manufacturing businesses. It is necessary for the country to produce sufficient goods to be sold. Products based on agriculture, livestock breeding, land resources and water resources must be manufactured. As agriculture is a sound manufacturing business which has a great potential for success, the government has been promoting the sector and it is important to exert efforts. Our country grows 15 million acres of monsoon paddy and has 13 million acres of farmland. If double cropping is carried out on farmland after monsoon paddy has been harvested, crop yields will increase. In agriculture, seeds, soil, water and techniques are essential and must be perfect. It is necessary to use high quality seeds but also while measures are taken for soil enrichment. Similarly, sufficient water, which is essential for the success of agriculture, must be supplied to farmland. It is also important to utilize correct agricultural techniques. Only then, will per-acre yields of crops increase. In the same way, quality strains must be raised by using correct techniques and feeding properly in livestock breeding.

By enhancing the double cropping capabilities, more agricultural goods can be crease and revenue for Bago Region will increase.

**Raw materials, electricity, inputs and human resources essential for success of MSMEs**

Raw materials are essential for MSMEs. Similarly, electricity is important for manufacturing businesses. Although efforts were made to implement power generation projects in our country previously, they were delayed or stalled due to various reasons. As a result, electricity shortages have been common until now. Although hydropower dams were built to generate electricity in Bago Region, the dams were destroyed by some armed organizations including the will be able to import products if it has enough foreign exchange, it is necessary to make concerted efforts to improve manufacturing businesses to earn foreign revenues.

The government has been offering capital loans for MSMEs in accordance with rules and regulations. In the same way, agriculture, livestock breeding and technical high schools have been opened to nurture human resources for agriculture and livestock breeding. The formal education completion rate of the country is low. Only when one completes formal education, he or she will be able to learn technologies.

The country has to import dairy products every year. It was learnt that cattle breeding can be carried out successfully and dairy products can be manufactured in Bago Region. Similarly, if meat, fish and eggs needed for Yangon Region can be produced in Bago Region, regional revenue will increase. In the same way as products are sold in the domestic market, value-added products can be manufactured for exports and it will be beneficial for Bago Region.

It was learnt that about 50,000 acres of rubber trees were grown in Bago Region. It is necessary to produce



Senior General Min Aung Hlaing views handicrafts made by local MSMEs.

produced for the country and revenue for the country will increase. If agriculture and livestock breeding tasks can be carried out more successfully, crop yields will in-

so-called-PDF terrorists. Therefore, there are electricity shortages. Measures have been taken to import fertilizer for agriculture from other countries. As the government

tyres for vehicles and motorcycles and other household products needed in the region from rubber. Similarly, it was learnt that

See Page 15

*From Page 14*

Bago Region has been enjoying local rice sufficiency. It is necessary to produce livestock feed from bran and broken rice from rice milling beneficially. If oil crops can be cultivated successfully, local edible oil consumption can be fulfilled. The country has to import edible oil every year by spending foreign exchange. If oil crops can be grown through double-cropping, imports of edible oil can be reduced. Therefore, it is necessary to make efforts to grow oil crops in Bago Region successfully. Will revenue increase only when manufacturing businesses can be conducted successfully and socioeconomic lives of the people will improve.

**Necessary to work and create job opportunities**

As it is necessary to achieve economic growth for the country, entrepreneurs are required to make concerted efforts for economic development. It is mainly necessary to work and to create job opportunities. The government has been creating job opportunities. The true strength of the country lies within. Therefore, we must rely on our own strength in encountering hardship. The government has guaranteed that state responsibilities will be transferred to the elected government after holding election without fail. Therefore, measures have been taken to restore stability first. We would like to make known to all that we will join hands with anyone who works out of goodwill for the country. The government is confident that it will achieve success as it is working out of goodwill for the country.

Then, the Senior General cordially greeted MSME entrepreneurs who attended the meeting.

Afterward, the Senior General enthusiastically viewed the local products, foodstuffs, consumer goods, industrial products, traditional handicraft and textiles displayed at each exhibition booth and asked about their market shares. Entrepreneurs conducted round the Senior General at the exhibition booths. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yangon Region approves 24 local and foreign investment projects within four months in 2023



Thilawa Special Economic Zone A.

**Yangon May 22**

Up to 24 local and foreign investment projects were approved in Yangon Region within four months from January to the end of April in 2023, according to reports from the Yangon Region Investment Committee.

The Yangon Region Investment Committee holds monthly meetings and approves domestic and foreign investment projects.

In doing so, one Myanmar citizen investment business and nine foreign investment businesses, totaling ten investment projects were approved on January 25, 2023 at the Yangon Region Investment Committee's (1/2023) meeting held at the Yangon Region Investment Committee office.

At the (2/2023) meeting of the Yangon Region Investment Committee held on February 22, one foreign investment business was approved.

At the (3/2023) meeting held on March 29, two Myanmar citizen investment businesses and nine foreign investment businesses were approved.

At the (4/2023) meeting held on April 26, one Myanmar investment business and one foreign investment business were approved. 336

# 11 cyclone shelters under preparation in Sagaing Region to defy impacts of cyclone

**Sagaing May 22**

Preparations have been made at 11 cyclone shelters in Sagaing Region to take prevention against the cyclone, said assistant director U Kyaw Thu Soe of Sagaing Region Natural Disaster Management Department.

Preparatory tasks have completed to take rescue and relief for the storm-affected victims, provide assistance and carry out rehabilitation in Sagaing Region, in accord with the instructives of the Sagaing Region government.

"The cyclone shelters in storm prone townships are located in Thaphanaing, TaungU Pyintha and Natmyaung villages in Kalay Township, Pawmaing Ward in Hkamti, Paritphanai Village in Homalin Township, Hehlaw Village and Kyunshwewah and Tharaung smart village in Phaungpyin Township, Kyain and Kintat villages in Mawlaik Township, and Sibyugon Village in Kani Township. These shelters will accommodate more than 2,200 people," he added.

Local authorities urged the people to take care of flooding, landslides, strong winds and other natural disasters after the storm and to collect foods, medicines and water. ASH



A newly built cyclone shelter.

# Roman Protasevich: Belarus pardons activist hauled off flight

**Belarus May 22**

A Belarusian opposition activist arrested after his Ryanair flight was forced to land in the capital Minsk has said he has been pardoned.

Roman Protasevich was hauled off his flight and arrested on charges of inciting unrest in May 2021.

Earlier this month, he was sentenced to eight years in prison.

He thanked authoritarian leader Alexander Lukashenko for the pardon, amid questions as to whether he was forced to make pro-regime statements.

In a video released by state news agency Belta, Mr Protasevich said he had just signed "appropriate documents" for his pardon.

"I am incredibly grateful to the country and of course, to the president personally for such a decision," he said.

"This is, of course, just great news."

He said he had not yet made any plans but would probably go to "a quiet place in the countryside for a couple of days... in order to take a breather and start to move forward".

It is not clear how the journalist was treated by the security services but it is believed that after his arrest he was coerced into making confessions and apologetic statements on state TV.

Some opponents of the regime have accused him of collaborating with the authorities.

Mr Protasevich was editor of the Nexta Telegram channel, based in Poland, which published videos and information from the wave of giant street protests against Mr Lukashenko that began in the summer of 2020.

The charges he was sentenced for include: organising mass riots, calling for sanctions against Belarus, creating or leading an extremist group, and conspiring to seize power.

He was hauled from a plane and arrested alongside his then girlfriend, Russian citizen Sofia Sapega, in May 2021 after their flight from Greece to Lithuania was suddenly diverted to Minsk by Belarusian air traffic control. They claimed there was a bomb threat.

BBC



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာစဉ်။

☆ ကျောဖုံးမှအဆက်

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**MSMEလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးအောင်၊ ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်၊ ပန်းပုလုပ်ငန်းရှင်များကိုယ်စား ဦးအောင်ကျော်ဆန်း၊Light House ကော်ဖီ(တောင်ငူ)လုပ်ငန်းရှင် ဦးဇေယျာမင်း၊ သံရည်ကျိုလုပ်ငန်းရှင်များ ကိုယ်စား ဦးဌေးဝင်း၊ ပဲခူးမြို့ မြို့မိမြို့ဖ ဦးဆန်နီနှင့် တက်ရောက်လာကြသူများက ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများနှင့်နည်းပညာများကို နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းဈေးကွက်လိုအပ်ချက်ရှိသည့် စားအုန်းဆီလုပ်ငန်း တိုးချဲ့ဆောင်ရွက်လိုမှု၊ ဒေသတွင်းအောင်မြင်လျက်ရှိသည့် ပန်းပုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၊ပြည်ပ လက်မှုအနုပညာပြပွဲများသို့ပါဝင်ပြသနိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေလိုအပ်ချက်ကို ကူညီဆောင်ရွက်ပေးလိုမှု၊ ဒေသတွင်းလည်ပတ်လျက်ရှိသည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေး မြို့နယ်အဆင့် ကုန်စည်ဒိုင်များ ဖြစ်ပေါ်လာမည်ဆိုပါက အကျိုးအမြတ်များ ဖြစ်ပေါ်လာနိုင်မှု၊ လူစွမ်းအား အရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများအတွက် ချေးငွေများရရှိလိုမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများရယူပြီးပါက လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများအဆင်ပြေချောမွေ့မှုရှိစေရေးနှင့် လိုအပ်သည့် စက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ အရင်းအနှီးများနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာ ဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုပမာဏ ယခုထက် ပိုမိုမြင့်တက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုအပ်မှု၊ ဒေသမှထွက်ရှိသည့်ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ပြသခြင်းနှင့် MSME လုပ်ငန်းကော်မတီနှင့် အမြဲမပြတ်ဆက်သွယ်ဆောင်ရွက်မှုရယူရန် လိုအပ်မှုတို့နှင့်ပတ်သက်၍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်း ပြသထားရှိမှုကို ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာစဉ်။

ဆွေးနွေးပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ပဲခူးတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေး၍ရနိုင်မည်ကို စဉ်းစားဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ မွန်ပြည်နယ်ပြီးပါက စီးပွားရေးအားကောင်းသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ နိုင်ငံတော်၏စီးပွားရေးအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏စီးပွားရေးသည် ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့မှုများကြောင့် စီးပွားရေးပိုမိုကျဆင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုနှင့် နိုင်ငံရေးပဋိပက္ခများကြောင့် စီးပွားရေးသည် အနုတ်လက္ခဏာဖြစ်ခဲ့ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုနည်းပါးခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် ရောင်းချ၍ရသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ မြေသယံဇာတပစ္စည်းများ၊ ရေသယံဇာတပစ္စည်းများကို ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ပိုမိုအောင်မြင်နိုင်သည့် အခြေခံခိုင်မာပြီးဖြစ်သော ကုန်ထုတ်လုပ်ငန်းဖြစ်သဖြင့် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး အလုပ်လုပ်နိုင်ရန် အဓိကအားဖြင့်လိုအပ်ကြောင်း၊ မိမိတို့**နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး လယ်စိုက်ဧကမှာ ၁၃ သန်းကျော်ရှိ**ကြောင်း၊ အဆိုပါမြေများ၌ **မိုးစပါးစိုက်ပျိုးပြီး သီးထပ်များကို စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများတိုးတက်လာမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူ၍ရှိပြီး အားလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်သကဲ့သို့ မြေဆီမြေဩဇာကောင်းမွန်အောင် ဆောင်ရွက်ရန်လည်းလိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် အောင်ရေများ လုံလောက်စွာရရှိရန်လည်းလိုကြောင်း၊ စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်မှသာလျှင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန်လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန်အစားအစာများကို လုံလောက်စွာကျွေးမွေးနိုင်ရန်လိုကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးထပ်စွမ်းအားများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံအတွက် ဝင်ငွေများပိုမိုရရှိစေမည်**ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပဲခူးတိုင်းဒေသကြီး၏ဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်ကောင်းများလိုအပ်**

MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများလိုအပ်ကြောင်း၊ အလားတူ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားများ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကတည်းက လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် နှောင့်နှေးခြင်းနှင့် ရပ်တန့်ခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ယခုအချိန်ထိ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆည်များတည်ဆောက်ထားသော်လည်း PDF အမည်ခံအကြမ်းဖက်သမားများ အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအချို့၏ ဖျက်ဆီးမှုများကို ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာများလည်း လိုအပ်သဖြင့် ပြည်ပမှဝယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရှိမှသာ ပြည်ပမှ ဝယ်ယူနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို မိမိတို့အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အတန်းပညာတတ်မြောက်မှုများနည်းပါးနေသေးကြောင်း၊ အတန်းပညာတတ်မြောက်မှသာ အတတ်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် အသား၊ ငါး၊ ဥများကို ထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့ပါတင်ပို့နိုင်သဖြင့် ပဲခူးတိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုဧက ၅၀၀၀၀ ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ရော်ဘာများကိုအခြေခံ၍ ဒေသအတွက် လိုအပ်သည့် မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ်တာယာများ၊ အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်း ဆန်ဖူလုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးကြိတ်ခွဲရာမှထွက်ရှိလာသည့် ဖွဲ၊ ဆန်ကွဲများကိုလည်း တိရစ္ဆာန်အစာအပါအဝင် အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ် နိုင်ငံခြားငွေများအသုံးပြု၍ ဝယ်ယူနေရကြောင်း၊ **သီးထပ်များစိုက်ပျိုးရာတွင် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှစားသုံးဆီတင်သွင်းရမှုများ လျော့ကျသွားမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

**နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး လယ်စိုက်ဧကမှာ ၁၃ သန်းကျော်ရှိ၊ မိုးစပါးစိုက်ပျိုးပြီး သီးထပ်များကိုစိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်လာမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သီးထပ်စွမ်းအားများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံအတွက် ဝင်ငွေများ ပိုမိုရရှိစေမည်၊ သီးထပ်များစိုက်ပျိုးရာတွင် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှစားသုံးဆီတင်သွင်းရမှုများ လျော့ကျသွားမည်ဖြစ်. . .**

### အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန် အဓိကလိုအပ်

နိုင်ငံ့စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်း၍ တိုးတက်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေးနှင့် အလုပ်လုပ်နိုင်ရန် အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ အခက်အခဲဖြစ်ပေါ်ချိန်တွင် မိမိတို့နိုင်ငံ၏အားဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင်ဆောင်ရွက်သွားမည်ဟု အာမခံ**ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဦးစွာဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **တိုင်းပြည်အတွက် ကောင်းမွန်သည့်စိတ်ဖြင့်ဆောင်ရွက်မည်ဆိုပါက မည်သူ့ကိုမဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလို**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ကောင်းမွန်အောင် ဆောင်ရွက်လိုသည့် စိတ်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်သဖြင့် အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့မှ သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိလေ့လာ

**နေပြည်တော် မေ ၂၂**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြပြီး သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများ၊ Ship-lift System ဖြင့် ရေယာဉ်များ လွန်းတင်၊ လွန်းချစနစ်များနှင့် စက်ရုံ၊ အလုပ်ရုံများရှိ တွင်ခုံ၊ ဖောက်ခုံ၊ ရေဘော်ခုံများသို့လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတွင် ကြည့်ရှုလေ့လာစဉ်။



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် လေ့လာရေးခရီးသွားရောက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်ပြီး သင်တန်းသား၊ သင်တန်းသူများသည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ရောက်ရှိကြပြီး သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တာဝန်ရှိသူတစ်ဦးက ရေတပ်လေ့ကျင့်ရေးဌာနချုပ်၏ လေ့ကျင့်ရေးတာဝန်များကို ရှင်းလင်းပြောကြားပြီး သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ)သမိုင်းမှတ်တမ်းကိုပြသခဲ့သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများသည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ ရေကြောင်းပြခန်း၊ တပ်မတော်(ရေ) ဗဟိုစာကြည့်တိုက်၊ စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၊ နက္ခတ်တာရာပြခန်း၊ Department of Maritime Operation-DMO အဆောက်အအုံရှိ Ship Handling Simulator(A) နှင့် Engine Room Simulator၊ ဥတ္တရဆောင်ရှိ စာသင်ခန်းများ၊ RAS & Towing Training၊ Mechanical and Electrical Trainer၊ Welding Simulator၊ Damage Control Simulator-Zamani နှင့် သမိုင်းဝင်စစ်ရေယာဉ်(မေယု)ပေါ်သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အောင်ဇေယျ)နှင့် စစ်ရေယာဉ်(ကျန်စစ်သား)တို့ဖြင့် ရန်ကုန်မြစ်တွင်းမှ ပင်လယ်ဝသို့ ခရီးတိုလိုက်ပါစီးနင်းခြင်း လေ့လာရေးခရီးသွားရောက်ကြသည်။ အဆိုပါ လေ့လာရေးခရီးစဉ်တွင် သင်တန်းသား၊ သင်တန်းသူများသည် စစ်ရေယာဉ်များရှိ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

အလားတူ တပ်မတော်(လေ)မှ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ဆက်လက်သွားရောက်လေ့လာသည်။

ထိုသို့ လေ့လာရေးခရီးလာရောက်ကြသော သင်တန်းသား၊ သင်တန်းသူများကို နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာမှတာဝန်ရှိသူများက ပြခန်းမဆောင် တွင်ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖို အမျိုးအစားတစ်ခုဖြစ်သောRITM-200 ၏အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကိုမေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်း စနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့်သီချင်း MTV၊ အဏုမြူစွမ်းအင်ဦးစီးဌာန၏ ဂုဏ်ပြုသီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းROSATOM ၏အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ တည်ဆောက်မှု အတွေ့အကြုံများရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျ အသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အပျက်အစီးများကို ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အပျက်အစီးများကို ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာမှ အဘိုး၊အဘွားများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**စစ်တွေ မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့အတွင်းမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများကို ပူးပေါင်းအဖွဲ့များဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် သတ္တဌာနလမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများ ပြိုလဲပိတ်ဆို့နေမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မီးသတ်တပ်ဖွဲ့၊ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ပင်မကျောင်းဆောင်နှင့် ဆက်စပ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ ထိခိုက်ပျက်စီးမှုနှင့် ပန်းခြံအတွင်း သစ်ပင်ကြီးများပြိုလဲနေမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းရှင်းလင်းနေမှုကိုကြည့်ရှုကာ လိုအပ်သည်များမှာကြားပြီး စစ်တွေမြို့ပတ်လမ်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် လဲပြိုကျနေသော သစ်ပင်များနှင့် အပျက်အစီးများရှင်းလင်းဖယ်ရှားနေမှု၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ရောက်ရှိပြီး ပင်မ သုံးထပ်ဆောင်နှင့် ဆက်စပ်အဆောက်အအုံများပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(စစ်တွေ)သို့ရောက်ရှိပြီး အဆောက်အအုံများပျက်စီးမှုအခြေအနေနှင့် အပျက်အစီးများရှင်းလင်းနေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စာပေသင်ကြားရေးလုပ်ငန်းများ သတ်မှတ်ချိန်၌ ပုံမှန်ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံး သင်္ဘောကျင်းနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်တွေသင်္ဘောကျင်းတို့သို့သွားရောက်ပြီး ရုံးအဆောက်အအုံများ၊သင်္ဘောကျင်းနှင့် အလုပ်ရုံများ၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘိုးဘွားရိပ်သာသို့သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ဘိုးဘွားအိပ်ဆောင်များ၊ထမင်းစားဆောင်၊ ဓမ္မာရုံနှင့်ဆေးခန်း ပျက်စီးမှုအခြေအနေများကို မေးမြန်းကြည့်ရှုပြီး ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာအသင်းဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် သွပ်ပြားနှင့်သစ်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အဘိုး၊အဘွားများအတွက် ဆန်၊ ဆီနှင့် အလှူငွေကျပ် သိန်း ၄၀ ကို ဘိုးဘွားရိပ်သာအသင်းဥက္ကဋ္ဌထံ ထောက်ပံ့ပေးအပ်ပြီး ဆေးဝါးနှင့် စားသောက်ဖွယ်ရာများကို အဘိုး၊အဘွားများအား တစ်ဦးချင်း လက်ရောက်ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး သို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဒုတိယဝန်ကြီးများက လိုအပ်ချက်များကို အကြံပြုဖြည့်စွက်ဆွေးနွေးကြကာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မုန်တိုင်းအလွန်ကာလ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပေါက်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ နှစ်ဖွဲ့၊ ရသေ့တောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှစ်ဖွဲ့၊ ကျောက်တော်မြို့နယ်တွင် အထူးကုဆေးအဖွဲ့ တစ်ဖွဲ့၊ မင်းပြားမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့နှင့် အထူးကုဆေးအဖွဲ့ တစ်ဖွဲ့၊ မောင်တောမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့နှင့်မြေပုံမြို့နယ်တွင် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ တစ်ဖွဲ့ စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကန်များ၌ ရေသန့်ဆေးခတ်ခြင်း၊ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ပြည်သူလူထုဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရန် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့်ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့် စည်သွတ်ဘူးများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# ဆင်ဖြူတော်လေး "ရဠနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် မေ ၂၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင်မွေးဖွားခဲ့သည့် ဆင်ဖြူတော်အထီးလေး "ရဠနန္ဒက"သည် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့်နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

ဆင်ဖြူတော်လေးသည် ယခုအချိန်တွင် အသက် ၁၀ လသားအရွယ်ဖြစ်ပြီး အရပ်အမြင့် ၃ ပေ ၇ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၃ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၅၀ ရှိလာပြီဖြစ်ကာ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူရှိနေကြောင်း၊ဆင်ဖြူတော်လေး "ရဠနန္ဒက"မှာ ငယ်စဉ်ကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် တပ်ရင်း၊တပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေး



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆေးကုသမှုခံယူနေသူများကို အားပေးစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၂၂**

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်သို့ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုးရီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မောင်တောမြို့နယ် အင်းဒင်ကျေးရွာအနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်သင့်၍ ပျက်စီးသွားသည့်အဆောက်အအုံများကို လိုက်လံကြည့်ရှုကာ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် အဆိုပါရဲတပ်ဖွဲ့ခွဲရှိ ခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ တွေ့ဆုံပွဲသို့တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်အဖွဲ့သည် မောင်တောမြို့နယ် ကျီးကန်းပြင်ရှိ နယ်မြေခံနယ်ခြားစောင့်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိရာ ရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်ထက်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် အဆိုပါရဲကွပ်ကဲမှုဌာနချုပ်အတွင်း၌ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားခဲ့သည့် အဆောက်အအုံများကို လိုက်လံကြည့်ရှု၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ကွပ်ကဲမှုဌာနချုပ်ရှိ နေမျိုးခန်းမတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများကိုတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဘူးသီးတောင်မြို့နယ် တောင်ဘဇာနယ်မြေခံတပ်ရင်း၏မုန်တိုင်းသင့်၍ပျက်စီးခဲ့သော အဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး လိုအပ်သည်များမှာကြားကာ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ဝါးခုတ်ချောင်းတပ်နယ်သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်းများ၏ မုန်တိုင်းဒဏ်သင့်၍ပျက်စီးခဲ့သော အဆောက်အအုံများကို လိုက်လံကြည့်ရှုပြီး ဦးစားပေးအဆင့်အလိုက် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးမှာကြားသည်။ ယင်းနောက် တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများထောက်ပံ့ပေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကိုရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တပ်နယ်တပ်ရင်း၌ မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှု၍ မုန်တိုင်းပြီး မွေးမြူထားသောကြက်များ၏ ဥနှုန်းများ သတ်မှတ်နှုန်းထားပြန်လည်ပြည့်မီနိုင်ရေးလိုအပ်ချက်များကို ဆောင်ရွက်ရန်မှာကြားသည်။ ဆက်လက်၍ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အဖွဲ့သည် ဘူးသီးတောင်တပ်နယ် နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကာ ဆေးဝါးကုသမှုခံယူနေသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့မှတစ်ဆင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် တပ်နယ်အတွင်းမွေးမြူထားသည့် DYL အသားတိုးဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)သည် ဘူးသီးတောင်တပ်နယ်ရှိ အစည်းအဝေးခန်းမ၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး နယ်မြေခံတပ်ရင်းရှိ မိသားစုများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# ရခိုင်ပြည်နယ် လေဘေးကာကွယ်ရေးသို့ သွားရောက်ကူညီမည့် အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ရဲတပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများပေးအပ်

**တောင်ကြီး မေ ၂၂**

အားကောင်းသော "မိုခါ" မုန်တိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ရဲတပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

တောင်လေးလုံးကမ္ဘောဇခန်းမတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ရဲတပ်ဖွဲ့ဝင်များတွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်အားများလိုအပ်သောကြောင့် ရဲတပ်ဖွဲ့အနေဖြင့် ရှမ်းပြည်နယ်ကိုယ်စားပြုသွားရောက်မည်ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်ပြီးဆုံးသည်အထိ ထိခိုက်မှုမရှိဘဲ အန္တရာယ်မရှိအောင် ဂရုစိုက်ဆောင်ရွက်ကြရန်၊ ကျန်းမာရေးဂရုစိုက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးသို့ သွားရောက်ကူညီမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ရဲတပ်ဖွဲ့ ၄၀၁ ဦး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးကလည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုကလည်းကောင်း ပေးအပ်ရာ အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးသန်းဌေးဦးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေပေးအပ်ရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး ဗညားဦးကလက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လေဘေးကယ်ဆယ်ရေးသို့ သွားရောက်ကူညီမည့်ရဲတပ်ဖွဲ့များ ယာဉ်ပေါ်တက်ရောက်ထွက်ခွာနေမှုကို လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၂၂**

မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ် ၃၄၀၇၈၁၆၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငါးပိ ပိဿာ ၁၀၀၀၊ ငါးနီတူခြောက် ပိဿာ ၁၀၀၀၊ အိုင်အိုအင်းဆား ပိဿာ ၁၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀၊ ကြက်ဥ၊ဘဲဥ အလုံး ၁၀၀၀၀၀ နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ လှူဒါန်းသည့် ကြက်ဥ အလုံး ၁၃၀၀၀၊ ဘဲဥ အလုံး ၁၀၀၀၀၊ ငါးနီတူခြောက် ပိဿာ ၂၀၀ တို့ကို စုဖွဲ့ပြင်ဆင်ထားရှိမှုအခြေအနေများကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းသည့်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် သယ်ဆောင်၍ ပုသိမ်မြို့မှ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်သို့ပို့ဆောင်ကာ ၎င်းမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများသို့ ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်တို့ မုန်တိုင်းသင့်ပြည်သူများအတွက်လှူဒါန်းမည့်ပစ္စည်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# သဘာဝလေဘေးတိုက်ခတ်မှုကြောင့် စစ်တွေတပ်နယ်ရှိ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများ၊ ဆေးရုံများကို ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် စစ်တွေမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၂**

သဘာဝလေဘေး တိုက်ခတ်မှုကြောင့် စစ်တွေတပ်နယ်ရှိ ပျက်စီးမှုဖြစ်ပေါ်ခဲ့သော စာသင်ကျောင်းများ၊ ဆေးရုံများအား ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်နေသည့် အခြေအနေများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများကို ရှင်းလင်းဖယ်ရှားခြင်း၊ ပြိုလဲနေသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ စာသင်ခန်းများကို သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆေးရုံဝင်းအတွင်းနှင့် စာသင်ကျောင်း အတွင်း၊အပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၂**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့တွင်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ တိမ်ကြားမင်းခေါင်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အမှာစကားများပြောကြားသည်။ ထို့နောက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် ၎င်းမိသားစုဝင် နှစ်ဦးတို့က ၎င်းတို့နှင့်အတူပါရှိလာသော KA-22 တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး တစ်လုံး၊ အမ်ဂျီ-၁ လက်ပစ်ဗုံး တစ်လုံးနှင့် ခဲယမ်းများကိုအပ်နှံကြရာ ဗန်းမော်တပ်နယ်မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် တစ်ဦးနှင့် ၎င်းမိသားစုဝင် နှစ်ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းပါရှိလာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင်များကို ထောက်ပံ့ငွေများပေးအပ်စဉ်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း၌နေထိုင်သူ စုစုပေါင်း ၁၄၈ ဦး သေဆုံးခဲ့

**နေပြည်တော် မေ ၂၂**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ထိုသို့ ထုတ်ပြန်လျက်ရှိရာ မေ ၁၇ ရက် မွန်းလွဲပိုင်းထိရရှိသောစာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) တိုက်ခတ်မှုကြောင့် သေဆုံးသူ ၄၈ ဦး၊ မေ ၁၈ ရက် ညပိုင်းထိ ရရှိလာသောစာရင်းများအရ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် နှင့် မြေပုံမြို့နယ်တို့၌ ဒေသခံပြည်သူ ခြောက်ဦးနှင့် IDP Camp မှ ၉၁ ဦး စုစုပေါင်း ၉၇ ဦး ထပ်မံသေဆုံးခဲ့ကာ သေဆုံးသူစုစုပေါင်း ၁၄၅ ဦးရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ရာ မေ ၂၁ ရက် ညနေပိုင်းတွင် ထပ်မံရရှိသောစာရင်းများအရ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဒေသခံပြည်သူ သုံးဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသဖြင့် သေဆုံးသူစုစုပေါင်းမှာ ၁၄၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၂၂**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကလှူဒါန်းသည့် အသားတုအိတ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကြာဆံထုပ်များ၊ ငရုတ်သီးခြောက်ထုပ်များ၊ ဆန်အိတ်များ၊ ငပိများနှင့် စွတ်ကျယ်အင်္ကျီများကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် တစ်ကြိမ်ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးကြမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ အသင်းသားများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သက်ဆိုင်ရာ ဌာနအသီးသီးနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် Shetter Repair Kit များ၊ အိမ်ဆောက်သံများ၊ လျှပ်စစ်မီးကြိုးများ၊ တာပေါ်လင်စများ၊ ကြက်ဥများ၊ အိမ်သာခွက်များ၊ အိမ်သာပိုက်များ၊ ဆန်အိတ်များ၊ ဂျယ်လီတန်ဖာများ၊ ငါးများ၊ စားသုံးဆီများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ သွားတိုက်ဆေးများ၊ သွားတိုက်တံများ၊ အဝတ်အထည်များ၊ ယာယီတဲများ၊ စားပွဲခုံများ၊ ထိုင်ခုံများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လက်ဖက်ရည်ထုပ်များ၊ အချိုရည်ဘူးများ၊ စည်သွတ်ဘူးများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ခုနစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၂၂**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစီးသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်းခုနစ်ဦး၊ ရေသန့်စက်ကား တစ်စီး၊ ဘားအံမြို့ နယ်မြေခံတပ်မဌာနချုပ်မှ အဝတ်အထည်အထုပ်ကြီး ကိုးထုပ် စုစုပေါင်း ကုန်တန်ချိန် ၁၂ တန်တို့ကိုလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယမြောက်အစီးသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဝန်ထမ်း သုံးဦး၊ ရေသန့်စက်ကား တစ်စီး၊ နယ်မြေခံ တပ်မဌာနချုပ်မှ အဝတ်အထည်အထုပ်ကြီး နှစ်ထုပ် စုစုပေါင်းကုန်တန်ချိန် ကိုးတန်တို့ကိုလည်းကောင်း၊ ရေချမ်းပြင် ကမ်းထိုးရပ်တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးခဲ့ပြီးနောက် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံသယ်ဆောင်ပေးရန်အတွက် ရေချမ်းပြင်သို့ ပြန်လည်အခြေပြုခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ သဲတန်းကျေးရွာအုပ်စု သဲတန်းရွာ၊ ကုန်းဘောင်ရွာ၊ တန်းခရိုးရွာ၊ လက်ညှိုးငုံရွာများရှိ အိမ်ခြေ ၂၀၆ အိမ်၊ လူဦးရေ ၉၆၅ ဦးနှင့် ဘုန်းတော်ကြီးကျောင်းတို့အတွက် ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယမြောက်တစ်စီးသည် တပ်မတော်(ရေ)မှ ဆန်၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ရွှေဖီဦး၊ နို့ဆီ စသည့် စားသောက်ဖွယ်ရာများအား တင်ဆောင်၍ သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ ကမ်းထိုးရေယာဉ်တစ်စီးသည် မြန်မာ့သစ်လုပ်ငန်း(ရခိုင်ပြည်နယ်) သံတွဲသစ်ထုတ်ရေးဒေသ တောင်ကုတ်နယ် ထန်းတောင်ကွင်းသစ်ဆိပ်မှ ကညင်ခွဲသား အချောင်း ၉၆၀၊ စကားဝခွဲသား ၆၇ချောင်း စုစုပေါင်းကုန်တန်ချိန် ၁၁၄ ဒသမ ၆၀၂၂ တန်တို့ကို တောင်ကုတ်ကမ်းထိုးရပ်၌တင်ဆောင်၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

# မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့် ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှ ပေးပို့သည့် အကူအညီပစ္စည်းများ ဒုတိယအသုတ်လွှဲပြောင်းလက်ခံ



မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့် ပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် အကူအညီပစ္စည်းများ ဒုတိယအသုတ်လွှဲပြောင်းလက်ခံစဉ်။

**ရန်ကုန် မေ ၂၂**

မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများထံသို့ အာဆီယံနိုင်ငံများမှပေးပို့သည့် စုစုပေါင်း အမေရိကန်ဒေါ်လာ ခန့်မှန်း ၆၀၀၀၀ ကျော်တန်ဖိုးရှိ အရေးပေါ်အကူအညီပစ္စည်းများ တန်ချိန်စုစုပေါင်း ကီလိုဂရမ် ၁၅၅၁၀ ကျော်ကို သယ်ဆောင်လာသည့် စင်ကာပူလေတပ်မှ C-130 လေယာဉ်နှစ်စင်းတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ယခု ဒုတိယအသုတ်အဖြစ်ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို သဘာဝဘေးဆိုင်ရာ လူသားချင်းစာနာမှု အကူအညီများအတွက် အာဆီယံညှိနှိုင်းရေးဌာန(AHA Center) တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

လာမည့်ရက်များတွင်လည်း အာဆီယံနိုင်ငံများ၏ သဘာဝဘေးကူညီရေးပစ္စည်းများ ဆက်လက်ရောက်ရှိလာနိုင်ရန်ရှိပြီး ပထမအသုတ်နှင့် ယခုဒုတိယအသုတ်အပါအဝင် အကူအညီစုစုပေါင်း၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ သန်းခန့်ရှိမည်ဟု သိရသည်။ အဆိုပါပစ္စည်းများကို အာဆီယံအရေးပေါ် ထောက်ပံ့မှုအစီအစဉ် (Disaster Emergency Logistics System)၏ မလေးရှားနိုင်ငံ ဆူဘန်းမြို့နှင့် ထိုင်းနိုင်ငံ ချိုင်နတ်မြို့တို့ရှိ ဂိုဒေါင်များမှတစ်ဆင့် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား တပ်မတော်လေယာဉ်များဖြင့် စုစုပေါင်း ၁၉ ခေါက်ခန့် ကူညီသယ်ယူပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

အာဆီယံ၏ One ASEAN, One Response မူအရ အာဆီယံနိုင်ငံများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ပေးအပ်လှူဒါန်းထောက်ပံ့ခြင်းဖြစ်ပြီး၊ နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အကူအညီများပံ့ပိုးရာတွင် ဘေးသင့်ပြည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနအသီးသီးနှင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ AHA Centre၊ သက်ဆိုင်ရာနိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂၂/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက် )

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သုခနုလမ်း ခြံအမှတ်(၄/၄၁၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**(Karen National Democratic Party)ကို ၂၀၂၃ ခုနှစ် မေ ၂၂ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ** (Karen National Democratic Party) ၏ မှတ်ပုံတင်အမှတ်မှာ(၁၇)ဖြစ်ပါသည်။

**(ပုံ)သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂၃/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၂၂ ရက် )

ကရင်ပြည်သူ့ပါတီ(KPP)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မရမ်းကုန်းရပ်ကွက် ရွှေဒါးကုန်းလမ်း အမှတ်(၂၈)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်ပြည်သူ့ပါတီ**(KPP)ကို ၂၀၂၃ ခုနှစ် မေ ၂၂ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကရင်ပြည်သူ့ပါတီ** (KPP)၏ မှတ်ပုံတင်အမှတ်မှာ(၁၈)ဖြစ်ပါသည်။

**(ပုံ)သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိ

## နိကာယ်စာမေးပွဲကျင်းပမည်

**နေပြည်တော် မေ ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၃ ခုနှစ် အကြိမ်(၃၀)မြောက် အစိုးရနိကာယ်စာမေးပွဲကို ၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၄ ရက်မှ နယုန်လပြည့်ကျော် ၃ ရက်ထိ(၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၅ ရက်ထိ) ငါးရက်တိုင်တိုင်သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ပြီး ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသော ရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ ဖြေဆိုခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

သာသနာရေးဦးစီးဌာနအနေဖြင့် စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ သံဃနာယက အဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“မုန်တိုင်းအန္တရာယ်မှကင်းဝေးအောင် ပြောင်းရွှေ့ပေးနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များအား PDF အမည်ခံ အကြမ်းဖက်သမားများက ချောင်းမြောင်းပစ်ခတ်သည့်ဖြစ်စဉ်”**ခေါင်းစဉ်ဖြင့် ၂၄-၅-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မန္တလေးမှ မီးရထားဆရာဝန်ကြီးအား PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၅-၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၂၉၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၂၇၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၇၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၇၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | | | |
|---|---|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | | (မန္တလေး) | |
| ဒီဇယ်(တစ်လီတာ) | ၁၉၂၅ | ကျပ် | ၁၉၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၅ | ကျပ် | ၂၀၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၅ | ကျပ် | ၂၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ | ကျပ် | ၂၁၄၅ | ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၇၂. ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၉၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၂၂ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၁ . ၉၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၈ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၅၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဈေး(၁)ရပ်ကွက်နေ ဝေလင်းထွန်းသည် ၎င်းအသုံးပြုသည့် “Wai Lin Htun” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာနေ ခင်စန်းကြိုင်သည် ၎င်းအသုံးပြုသည့် “Khin Sann Kyaing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# သတိမူလျှင်

## စောဖိုးသွား

**စကား စကား**

စကား စကား ပြောဖန်များတော့ စကားထဲက ဇာတိပြတယ်။ တရား တရား ဟောဖန်များသော် တရားထဲက ပါဠိရတယ်။ ရှေးမြန်မာဆိုရိုးစကားပါ။

စကားထဲက ဇာတိပြတယ်ဆိုတာ တိုက်ရိုက် အဓိပ္ပာယ်လည်းထွက်တယ်။ ဂယက်အနက်လည်း ကောက်ယူလို့ရတယ်။ တိုက်ရိုက်အဓိပ္ပာယ်ကတော့ တစ်စုံတစ်ဦးပြောဆိုတဲ့ စကားတွေထဲက လေသံ၊ စကားလုံး၊ အသုံးအနှုန်း အဲဒါတွေကို စိစစ်ထောက်ရှု လိုက်ရင် ပြောသူဟာ ယောနယ်သားလား၊ အညာ သားလား၊ မြိတ် (ဘိတ်)သားလား၊ ရခိုင်သားလား မှန်းဆသိနိုင်တယ်ဆိုတဲ့သဘောပေါ့။ သူ့ဇာတိ၊ သူ့မွေးရပ်၊ သူနေထိုင်ကျင်လည်ခဲ့ရာ အရပ်ဌာနေ သိနိုင်ရဲ့။

အင်္ဂလိပ်လိုပြောတယ်ဆိုပါစို့။ ပြင်သစ်လေသံ၊ ဂျာမန်လေသံ၊ ရုရှားလေသံ မတူကြဘူး။ တူသလိုလိုပါပဲ။ နည်းနည်းလေးတော့ ကွဲကြတယ်။ ဘားရက် အိုဘားမားရဲ့မိန့်ခွန်းတွေ နားထောင်ကြည့်ပါ။ ရုပ်ကို မကြည့်မြင်ရဘဲ ဒီလေသံဟာ အာဖရိကန်နီဂရိုးပဲဆိုတာ ခွဲခြားသိရှိနိုင်တယ်မဟုတ်လား။ လေယူလေသိမ်းက ဒေါ်နယ်ထရန့်တို့၊ ဂျိုးဘိုင်ဒင်တို့နဲ့ သိသိသာသာကွဲပြားတယ်မဟုတ်လား။ စကားထဲက ဇာတိပြတဲ့အချက်။

ဂယက်အနက် ကောက်ချက်ဆွဲလို့ရတဲ့ အခြားအဓိပ္ပာယ်ရှိပါသေးတယ်။ ဇာတိဆိုတဲ့အရပ်ဒေသကိုသာ ဆိုလိုတာမဟုတ်သေး။ သူ့ရဲ့အသံ၊ ဟန်၊ မာန်၊ ဌာန်ကရိုဏ်း၊ အဆွဲအငင်၊ အဖြတ်အတန့်၊ သူ့ရဲ့ပြောပုံဆိုပုံနဲ့ စကားလုံးအဓိပ္ပာယ်တွေထဲမှာ သူ့ရဲ့စိတ်ရင်း၊ သူ့ရဲ့သဘောထား၊ သူ့ရဲ့လောကအမြင်၊ (ဘဝအဘိဓမ္မာ)၊ သူ့ရဲ့ အကြိုက်နဲ့မကြိုက် (တန်ဖိုးအလေးထားပုံ) သူ့ရဲ့ဘက်လိုက်မှု၊ ရပ်တည်ချက် အရောင်အသွေး၊ အဆင်အကွက်၊ သူ့ရဲ့နောက်ခံ၊ သူ့ရည်ရွယ်ချက်၊ သူ့အယူအဆ၊ သူ့ဆန္ဒ။

**အရင်းစစ်တော့ အမြစ်မြေက**

သူပြောဆိုတဲ့စကားထဲမှာ အဓိပ္ပာယ်ဆက်စပ် ကောက်ယူလို့ရတဲ့အရာတွေ တသီတတန်းကြီး ရှိနိုင်ပါတယ်။ လိမ္မာပါးနပ်မှု၊ လာဘ်မြင်မှု၊ လေ့ကျင့်ခဲ့မှုနဲ့ အတွေ့အကြုံရှိသူဆိုရင် ထင်ထင်ရှားရှားအနက် အဓိပ္ပာယ်ကောက်ပြီး မြင်နိုင်တယ်။

ဇာတိပြတယ်ဆိုတာ စကားပြောသူကိုယ်တိုင်တောင် သတိမထားမိဘဲ အနက်ကောက်လို့ရသွားနိုင်တဲ့အချက်တွေပဲ။ သူလျှို့ဝှက်ထားတဲ့ အတွင်းစိတ်၊ ဖုံးကွယ်ထားချင်တဲ့လျှို့ဝှက်ချက် ဒါတွေပါဖော်လို့ရတယ်။

တကယ်တော့ အတွင်းသရုပ်ကို ဘယ်သူမှ ကြာကြာမဖုံးကွယ်နိုင်ကြပါဘူး။ သေသေချာချာနားထောင်ကြည့်ခဲ့လိုက်မယ်ဆိုရင် ပြောဆိုသူရဲ့နောက်ကွယ်က (အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ)ထူးခြားချက်တွေကို သတိပြုသိမှတ်နိုင်ပါတယ်။ အထူးသဖြင့် သုံးနှစ်၊ လေးနှစ်ကွာခြားတဲ့စကားတွေကို ရှေ့နောက်ညီညွတ်ခြင်းရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးကြည့်ရင်လဲ ကွဲလွဲချက်၊ ပြောင်းလဲမှု (အကျိုးကော၊ အပြစ်ကော)တွေ့ရနိုင်ပါတယ်။ ခွဲခြမ်းစိတ်ဖြာကြည့်သင့်တယ်မဟုတ်ပါလား။

မှန်၊ မမှန်၊ သင့်၊ မသင့်၊ ဆီလျော်မှု ရှိ၊ မရှိ။

ကောင်းကျိုးရနိုင်၊ မရနိုင်။

စေတနာပါ၊ မပါ။ မေတ္တာတရား တကယ်တမ်းထား၊ မထား။

**သတိမူလျှင်**

အကြောင်းအရာရွေးချယ်တာ၊ အချက်အလက်ဖော်ပြတာ။ ရှေ့နောက်စီစဉ်တာ။ အကြောင်းအကျိုးဆက်စပ်မှု၊ ယုတ္တိဗေဒနဲ့ အတွေးအခေါ်၊ ခံယူချက်၊ ယုံကြည်ချက်ပေါ်လွင်ပါတယ်။

အထူးသဖြင့် လူထုပရိသတ်ကို လေထဲကနေ လွှမ်းမိုးချုပ်ကိုင်နေကြတဲ့ မီဒီယာသတင်းဌာနတွေ၊ လိမ်ရင်ခဏကြာတာနဲ့ အလိမ်ပေါ်တာပဲ။ ညာရင်လည်း လတွေ၊ နှစ်တွေ၊ အချိန်ယူလိုက်တဲ့အခါ အညာအလိမ်တွေပဲဆိုတာ ပေါ်လာတာပဲ။

သူ့ဘာရည်ရွယ်ချက်နဲ့ လွဲမှားတဲ့သတင်းတွေ၊ ချဲ့ကားတဲ့သတင်းတွေ၊ ဂျပိုး(ကြမ်းပိုး)ကို လိပ်လို့ပြော။ ဆင်ကို ဆိတ်လို့ (မဟုတ်မမှန်ပြော) ဘက်လိုက်တဲ့

❖ အကြောင်းအရာရွေးချယ်တာ၊ အချက်အလက် ဖော်ပြတာ။ ရှေ့နောက်စီစဉ်တာ။ အကြောင်းအကျိုးဆက်စပ်မှု၊ ယုတ္တိဗေဒနဲ့ အတွေးအခေါ်၊ ခံယူချက်၊ ယုံကြည်ချက်ပေါ်လွင်ပါတယ်။ အထူးသဖြင့် လူထုပရိသတ်ကို လေထဲကနေ လွှမ်းမိုးချုပ်ကိုင်နေကြတဲ့ မီဒီယာသတင်းဌာနတွေ၊ လိမ်ရင်ခဏကြာတာနဲ့ အလိမ်ပေါ်တာပဲ။ ညာရင်လည်း လတွေ၊ နှစ်တွေ၊ အချိန်ယူလိုက်တဲ့အခါ အညာအလိမ်တွေပဲဆိုတာ ပေါ်လာတာပဲ။ သူ့ဘာရည်ရွယ်ချက်နဲ့ လွဲမှားတဲ့သတင်းတွေ၊ ချဲ့ကားတဲ့သတင်းတွေ၊ ဂျပိုး(ကြမ်းပိုး)ကို လိပ်လို့ပြော။ ဆင်ကိုဆိတ်လို့ (မဟုတ်မမှန်ပြော)ဘက်လိုက်တဲ့သတင်းတွေ၊ အတွေးမှားစေတဲ့ကောက်ချက်တွေ စသဖြင့်...။ ❖

သတင်းတွေ၊ အတွေးမှားစေတဲ့ ကောက်ချက်တွေ စသဖြင့်. . .။

**ဘယ်သူ့အတွက်လဲ**

အရင်က သူလုပ်ဆောင်ခဲ့တဲ့ နောက်ကြောင်းရာဇဝင်ကို လှေ့လာကြည့်လိုက်ပါ။ သူဘာလုပ်ခဲ့သလဲ၊ သူဘာတွေပြောခဲ့ဖူးသလဲ၊ ဘယ်လောက်ထိအောင် အကြံပက်စက်၊ ဆန့်ကျင်ဘက်မှ ဇောက်မနက်သလဲ။ လိမ်ညာလှည့်စား သူတစ်ပါးကို လျှာအရိုးမရှိတိုင်း (ပျော့ပျော့ပြောင်းပြောင်း) ဖြားယောင်းဖျက်ဆီး၊ မှားပြီးရင်း မှားအောင် (တမင်ကြံရွယ်ချက်နဲ့) နှောင့်ယှက်မွှေနှောက်နေတာ များခဲ့လေပြီ။

ဘာလို့လုပ်နေတာလဲ။

ဘယ်သူက စေခိုင်းနေလို့လဲ။

ဘယ်သူ့အတွက် အလုပ်လုပ်ပေးနေရသလဲ။

ခေတ်သစ်ကိုလိုနီနယ်ချဲ့အရင်းရှင်နိုင်ငံတွေရဲ့ (ကျွေးစာ၊ ပေးစာ၊ ကမ်းစာ၊ ထောက်ပံ့တာလေး) လျှာ ရင်းမြက်အောင်စားရင်းနဲ့ "စီးပွားဖျက်သူလျှို့"စီမံကိန်းထဲက မီဒီယာပရောဂျက်ခွေးသွားစိပ်ကလေးတွေ အနေနဲ့ ပါဝင်ကပြအသုံးတော်ခံနေကြပေတာကိုး။

ထ ဆို ထ၊ က ဆို ကရ။

အူ ဆို အူ၊ ဟောင် ဆို ဟောင်။

အဲဒီလိုအစားမျိုးတွေထဲမှာ ဘယ်သူဘယ်ဝါတွေပါသလဲ။ မပြောလို။ စာဖတ်သူတွေကသာ မိမိကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ဝေခွဲသုံးသပ်ဆုံးဖြတ်ပါ။

ဥပမာဆိုကြပါစို့။ အောက်ပါမီဒီယာတွေဟာ ဘယ်လိုအတန်းအစားတွေလဲ။ ဘယ်လောက်ယုံကြည်စိတ်ချရသလဲ (Reliability)။ ဘယ်လောက်မှန်ကန်ကြပါသလဲ (Valadity)။ သူတို့ရဲ့ရပ်တည်ချက်က ဘာလဲ။ သူတို့ရဲ့ တကယ့်အစစ်အမှန် (ဇာတိရုပ်)ဦးတည်ချက်က ဘာအတွက်လဲ။ ချင့်ချင့်ချိန်ချိန် ဝေဖန်သုံးသပ်ကြရင် အကျိုးရှိကြမှာပါ။ ခေတ်သစ်၊ မဇ္ဈိမ၊ ဒီဗွီဘီ၊ ဧရာဝတီ၊ အာရ်အက်ဖ်အေ၊ ဘီဘီစီ၊ ဘီအိုအေ၊ ဖေ့ဘွတ်၊ ယူကျူ၊ ဂူဂဲလ် အစရှိတဲ့ သတင်းဌာနဟူသမျှရဲ့ အရင်းမူလအရင်းအမြစ်ကို သိမြင်အောင်ကြည့်လိုက်ပါ။ ဘီဘီစီနဲ့ အိန္ဒိယအစိုးရနဲ့ ဘာတွေအပြန်အလှန်ပြောဆိုငြင်းခုံနေကြသလဲ။ လေ့လာကြည့်ပါ။ အမြင်တွေမှားနေရင် အချိန်တွေ အလကားကုန်တယ်။ အမြင်မှန်အောင် ဆင်ခြင်သုံးသပ်ကြပါကုန်။

**အမြင်ရဲ့သဘော**

ကမ္ဘာကြီးကိုကြည့်မြင်မယ်ဆိုရင် သင်ဘာကိုမြင်သလဲဆိုတဲ့အချက် အဓိကကျပါတယ်။ သင်ဘာကိုမြင်သလဲဆိုတဲ့အရာက သင်ဟာ ဘယ်ပုံဘယ်နည်း(ဘယ်လို) ကြည့်မြင်သလဲဆိုတဲ့ ရပ်တည်ချက်နေရာအနေအထားပေါ်မှာ လုံးဝဥဿုံ တည်နေပါတယ်။ အဲဒီအင်္ဂလိပ်ဆိုရိုးစကားက အမှန်တရားပါပဲ။

ကမ္ဘာ့အပြင်ထွက်ပြီး ကမ္ဘာကြီးကို ပြန်ကြည့်တဲ့အခါ (အာကာသယာဉ်ပေါ်ကနေ မြင်ရတာဆိုပါစို့) လင်းနေတဲ့ကမ္ဘာ၊ မှောင်နေတဲ့ကမ္ဘာ၊ စိမ်းစိုတဲ့ကမ္ဘာ၊ ပြာလွင်တဲ့ကမ္ဘာ၊ တိမ်တွေ၊ မြူတွေပိတ်ဖုံးနေတဲ့ကမ္ဘာ၊ ရုပ်ပုံလွှာတွေ အမျိုးမျိုးအစားစား မြင်ရပေမှာပါ။

အမြင်အာရုံ တစ်စုံတစ်ခုရဖို့ရာ-

- မြင်နိုင်တဲ့မျက်ကြည်လွှာမျက်လုံး စက္ခုပသာဒ ရှိရပါမယ်။
- အကြည့်ခံရုပ်ဝတ္ထုရှိရမယ်။
- မြင်နိုင်တဲ့အကွာအဝေးရှိရမယ်။
- ထိုက်သင့်တဲ့အလင်းရောင်ရှိရပါမယ်။
- ကြည့်သူက အာရုံစိုက်မှုရှိရမယ်။
- အမြင်အာရုံခံ Retinas မှာ ပေါ်လာတဲ့အမြင်ကို အာရုံရပြီး စိတ်ကမှတ်သားခြင်း(သညာ)၊ခံစားခြင်း (ဝေဒနာ) စတဲ့ အာရုံခံမှုသိခြင်း (ဝိညာဉ်) သဘောတွေလည်းပါရမယ်။
- မြင်မှုအပေါ် သိစိတ်က အကဲဖြတ်ချက်၊ ထင်မြင်ယူဆချက်၊ တွေးထင်ချက် တစ်စုံတစ်ရာလည်း ရှိလာနိုင်တယ်။

ဥပမာ-

"ကမ္ဘာကြီးက တယ်လှပါလား"

"ကမ္ဘာကြီးကလည်း မည်းမှောင်နေတာပဲ"

"အာကာသထဲက ထွက်ကြည့်လိုက်တော့ ကမ္ဘာဆိုတာ သေးသေးလေးပဲ"စသဖြင့် ကြည့်သူရဲ့ မူလဓာတ်ခံ သဘောနဲ့ ရှုမြင်ရတဲ့ ရှုထောင့်အရ ကွဲပြားခြားနားတဲ့ မှတ်ချက် (ရှုမြင်ပုံ)အမျိုးမျိုးပေါ်ထွက်လာနိုင်ပါတယ်။ ကြည့်ရှုသူရဲ့ မျက်စိအမြင်ဟာ ယာယီစိတ်နေအပေါ် မူတည်ပြီး ကြည်လင်ခြင်း၊ ဝေဝါးခြင်း၊ ပုံပျက်ခြင်း၊ မသဲကွဲနိုင်ခြင်းတွေလည်း ဖြစ်နိုင်ပါသေးတယ်။

၁။ ပွက်ပွက်ဆူအောင် ပူလောင်နေတဲ့ ရေမျက်နှာပြင်ပေါ်မှာ ပုံရိပ်အမှန်ကို မမြင်ရနိုင်။ (**ဒေါသအာဃာတ** ကြောင့် အမှန်မမြင်ရ)

၂။ **လောဘ** လေပြင်းတိုက်ခတ်နေတဲ့ ကန်ရေပြင်ပေါ်မှာ ပုံရိပ်လွှာကြည်ကြည်လင်လင်မထင်နိုင်။

၃။ **မောဟ** ရွှံ့ညွန် နွံအညစ်၊ အမှိုက်သရိုက်တွေ ရေမျက်နှာပြင်အပြည့်နီးပါး ဖုံးကွယ်ထားနေရင်လည်း ပုံရိပ်လွှာကို သဲကွဲအောင် မမြင်နိုင်။ ဟုတ်ပါပြီ။

**ရေငြိမ်တော့ ရုပ်ကြည်တယ်။**

**စိတ်ငြိမ်တော့ စိတ်ကြည်တယ်။**

**ရေကြည်တော့မြင်ရတာ အေးချမ်းပါတယ်။**

**စိတ်ကြည်တော့ နေရတာအေးချမ်းပါတယ်။**

**နိဂုံး**

ပြည်ပက အလွန်တရာ အင်အားကြီးမားတဲ့ ခေတ်မီ မီဒီယာ ယန္တရားကြီးနဲ့ဖုံးအုပ်ပြီး မိမိတို့နိုင်ငံကို မပျက်ပျက်အောင်၊ မမွဲမွဲအောင်၊ ဒုက္ခမရောက်ရောက်အောင်၊ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံးအောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာမဖြစ်ရလေအောင် (သူတို့ရဲ့ မဟာဗျူဟာ ရန်သူတော်ကို ဘက်စုံက ဝိုင်းပတ်ပိတ်ဆို့ဖျက်ဆီးတိုက်ခိုက်ဖို့ အဓိကရည်ရွယ်ချက်ရဲ့ လက်ခွဲလက်ပွား ကြံရွယ်ချက်အနေနဲ့) မီဒီယာဝါဒဖြန့်ချိရေး ယန္တရားအမျိုးမျိုးကနေပြီး ငွေကြေးထောက်ပံ့သုံးစွဲကာ ကုန်းချောကုန်းတိုက်၊ မီးမြှိုက်တဲ့အမုန်းစကားတွေနဲ့ မီးလောင်အောင်ရှို့၊ မီးလောင်ရာလေပင့်လုပ်နေခြင်းပဲမဟုတ်လား။

**စိတ်ညစ်အောင်လုပ်လည်း စိတ်မညစ်ပါနဲ့။**

**စိတ်ပျက်အောင်ဖိလည်း စိတ်မပျက်ပါနဲ့။**

**စိတ်ဓာတ်ကျအောင်တိုက်ခိုက်လည်း စိတ်ဓာတ်မကျနဲ့။**

**သွေးခွဲကုန်းချောအမျိုးမျိုး ပြောနေပေမဲ့ နိုင်ငံနဲ့လူမျိုး မပျောက်ပျက်ရလေအောင် ချစ်ခင်စည်းလုံးကြရပါမယ်။**

# ကြာအင်းဆိပ်ကြီးမြို့နယ် ရွှေတောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး မေ ၂၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေတောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေတောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက စီမံကိန်းအတိုးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားလိုက်နာဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများနှင့် ချေးငွေများပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ရွှေတောင်ဘိုကျေးရွာ၌ လက်ရှိတွင် စီမံကိန်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# တိမ်ကင်းစင်တဲ့လ

စံဗျာနီထွန်း




(၁)

"ဟဲ့ မယ်နီ။ ခေါ်နေတာမကြားဘူးလား။ ဒီမှာလာလုပ်စမ်းပါအုံး။ မြန်မြန်လာ။ နားကန်းသွားပြီလား"

ယောက္ခမရဲ့ခေါ်သံ ကျယ်ကျယ်လောင်လောင်က နီ့နားထဲကို မိုးကြိုးပစ်ချလိုက်သလို။ နီ စက်ချုပ်နေတဲ့နေရာကထပြီး နောက်ဖေးမီးဖိုချောင်ဘက်ကို အပြေးအလွှားသွားရပါတော့တယ်။ နီ့နာမည်က နီတာရဲ။ မွေးတုန်းက အသည်းယားစရာနီရဲနေလို့ နီတာရဲလို့ခေါ်ရင်း ကျောင်းနာမည်ကပါ နီတာရဲ။ နီက သမိုင်းအဓိက ဒုတိယနှစ်ကျောင်းသူတစ်ယောက်။ နီ့မိဘတွေကတော့ ဖေဖေက သာမန်အစိုးရဝန်ထမ်း။ မေမေက မှီခို။ မောင်နှမခြောက်ယောက်။ ဖေဖေက တပ်မတော်တာဝန်ထမ်းဆောင်ရင်း ပေါင်မှာ ကျည်ဆန်မှန်ခဲ့တဲ့အတွက် လမ်းသွားရင် ထော့နဲ့ထော့နဲ့နဲ့ပါ။ ဖေဖေ့ပင်စင်လစာနဲ့ နီတို့မိသားစု ပေါပေါလျှံလျှံမသုံးနိုင်ခဲ့။ တစ်ယောက်ကို အသားတစ်တုံး၊ အသီးရောရင် ဘူးသီးစိတ်သုံးဖတ်၊ အနှစ်အရည်သောက်ဆမ်း။ ငါးပိရည်၊ အတို့အမြုပ်နဲ့သာ ကြီးပြင်းခဲ့ရတာပါ။ အသီးအနှံကတော့ နီတို့ခြံထဲက ထွက်တဲ့ မာလကာ၊ သရက်၊ သီဟိုဠ်၊ ဩဇာ စတဲ့ အသီးတွေတော့စားရပါတယ်။ အဖေအမွေရတဲ့ မင်္ဂလာဒုံဘက်ကခြံမှာ နီတို့နေကြပါတယ်။ နီ့မိဘတွေက မပြည့်စုံမချမ်းသာပေမဲ့ သားသမီးတွေရဲ့ပညာရေးကိုတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင်လုပ်ပေးပါတယ်။ ပညာရေးကို အားပေးတဲ့မိဘတွေပါ။ မေမေက တစ်ခါတလေမှာ ခြံထွက်အသီးအနှံလေးတွေ မင်္ဂလာဒုံဈေးမှာသွားရောင်းရင်း နီတို့ပညာရေးအတွက် ဝင်ငွေရအောင်လုပ်ပါတယ်။

(၂)

နီ ဒုတိယနှစ်လိုင်ကောလိပ်တက်တော့ ကိုကို (ရဲကိုကို)နဲ့ စတွေ့ခဲ့တာပါ။ ကိုကိုက အသားဖြူဖြူ။ စတွေ့တာက ဘတ်စကားပေါ်မှာ။ ကျောင်းရှေ့ရောက်လို့ နီအဆင်း ကိုကိုရဲ့ခြေထောက်ကို နီမတော်တဆနင်းလိုက်မိပါတယ်။ ကိုကိုက ယောကျ်ားတန်မဲ့ အသနဲ့အပြုံနဲ့သိပ်ကြိုက်ပြီး "ငါ့ခြေထောက်တော့ သွားပါပြီ"ဆိုလို့ အောက်ငုံ့ကြည့်လိုက်တော့ ဖြူဖွေးသန့်ပြန့်နေတဲ့ခြေထောက်မှာ ကတ္တီပါနီညိုဖိနပ်နဲ့။ နီ တက်နင်းမိလိုက်လို့ မည်းသွားတဲ့နေရာကြည့်နေရင်း နီ့ကိုပြန်တက်နင်းလိုက်တယ်။ နီ ဒေါသထွက်ထွက်နဲ့ ရန်တွေ့မလို့ကြည့်လိုက်မိတော့ ချောမောသန့်ပြန့်လွန်းတဲ့ရုပ်ရည်။ ရန်တွေ့မလို့လုပ်နေတဲ့နီ ငေးမောကြည့်မိနေရတယ်။ ကျောင်းသွားတက်တိုင်း ဘတ်စကားပေါ်မှာ ကိုကိုနဲ့ဆုံခဲ့မိရင်း ခြောက်လလောက်အကြာမှာတော့ ချစ်သူဖြစ်ကြပြီ။

ကိုကို့မိဘတွေက ကြက်သွန်ပွဲရုံထောင်ထားတာပါ။ ပွဲရုံမှာ ကိုကိုကဦးစီး။ တစ်နှစ်လောက်ကြာတော့ ကိုကိုရဲ့မခွဲနိုင်ဘူးဆိုတဲ့အကြောင်းပြချက်၊ နီရဲ့မပြည့်စုံတဲ့မိသားစုဘဝ ဆင်းရဲတွင်းကလွတ်ချင်တဲ့အချက် ပေါင်းစုပြီး ကိုကိုနဲ့လက်ထပ်ခဲ့ပါတယ်။ နီလက်ထပ်တဲ့နေ့မှာ ဖေဖေက ဘာစကားသံမှမထွက်ပေမဲ့ မျက်နှာညှိုးငယ်စွာနဲ့။ မေမေကတော့ မျက်ရည်တွေကျလို့။ နီကတော့ ဆင်းရဲတွင်းကလွတ်ပြီလို့တွေးရင်း အပျော်လုံးကခပ်ဆို့ဆို့။ လက်ထပ်ပြီး နောက်နေ့ကစလို့ နီ ကိုကိုတို့အိမ်မှာနေရတယ်။ ကိုကို့မှာ ညီမသုံးယောက်ရှိတယ်။ ညီမသုံးယောက်စလုံး အပျိုကြီးတွေဖြစ်ပြီး သူတို့ဝါသနာနဲ့သူတို့ အကုန်စက်ချုပ်ကြတယ်။ နီကတော့ ကိုကို့အိမ်မှာ ဟင်းချက်၊ အိုးခွက်ပန်းကန်ဆေး၊ ယောက်မတွေစက်ချုပ်တာကို ဝိုင်းကူလုပ်ရင်း မိဘပိုက်ဆံမရှိတာရယ်၊ ပညာမပြည့်စုံတာရယ်၊ သူတို့သား၊ သူတို့အစ်ကိုကိုနှမြောခြင်းနဲ့အတူ နီ့ကို မနာလိုမရှုဆိတ်တာရယ်ပေါင်းပြီး နီ့ဘဝဟာ ထမင်းချက်၊ ဝိုင်းလုပ်၊ ဝိုင်းစား၊ ကျွန်ခံမယားအဆင့်ကမတက်ခဲ့ပါဘူး။ ကိုကိုရှာတဲ့ပိုက်ဆံလဲ ကိုင်သုံးခွင့်မရခဲ့ပါဘူး။ ယောကျ်ားယူခဲ့တာ မိဘအိမ်မှာထက်သာမယ်လို့ စိတ်ကူးယဉ်အိပ်မက်တွေနဲ့မျှော်မှန်းယူခဲ့မိတဲ့နီ အခုတော့မှားမှန်းသိပါပြီ။ ကြာလာတော့လဲ ကိုကိုရဲ့အထင်သေးဆက်ဆံမှု၊ ယောက္ခမရဲ့နိုင်ထက်စီးနင်းမှု၊ ယောက်မတွေရဲ့စောင်းမြောင်းပြောဆိုမှုတွေကို ရင်စီးခံရင်း ထုသားပေသား ရလာခဲ့တယ်။ နီ့မိဘတွေအိမ်တောင် အမြဲသွားခွင့်မရခဲ့။

ဒီလိုနေလာရင်း သားလေးတစ်ယောက်မွေးဖွားလာခဲ့ပြီ။ နီအသိတရားတွေ၊ တွေးတောဆင်ခြင်မှုတွေ တသီတတန်း။ နီရဲ့ရှေ့ရေး၊ နီ့သားလေးရဲ့ရှေ့ရေး၊ နီတို့မိသားစုဘဝ ရှေ့ရေး။ ယောက္ခမအိမ်မှာတက်နေရတဲ့ချွေးမတစ်ယောက်ရဲ့ခံစားမှုဟာ ခါးသီးစုတ်ပြတ်လှပါတယ်။ နီပညာတစ်ပိုင်းတစ်စမို့ ကျောင်းဆက်တက်မယ်ဆိုပြီး ကိုကို့ကိုခွင့်တောင်းရင်း ကျောင်းဆက်တက်ခဲ့တယ်။ ကလေးရယ်၊ အိမ်အလုပ်တွေရယ်၊ စာတွေရယ်နဲ့ နီ့ဘဝ ကသီလင်တနိုင်လှပါတယ်။ ည ၁၀ နာရီဆို ယောက္ခမက အိမ်မီးတွေအကုန်ပိတ်။ နီလဲ ၁၀ နာရီမှ အိမ်အလုပ်တွေလုပ်ရတာနား။ ဖယောင်းတိုင်ထွန်းပြီး စာကျက်။ ကလေးနိုးလာရင် နို့တိုက် ပြန်သိပ်။ ပြန်ပြီး စာကျက်။ ယောကျ်ားကိုလဲ ကျေနပ်အောင်အလိုလိုက် အကြိုက်ဆောင်ရပြန်သေးတာ။ ဒါပေမဲ့ နီရည်မှန်းချက်ထားပြီးသားပါ။ ဒီလိုဘဝမှာ နီမနေချင်ဘူး။ မနေနိုင်ဘူး။ နီ့ဘဝတိုးတက်ရမယ်။ ကြီးပွားရမယ်။ အဆင့်မြင့်ရမယ်။ နီ့သားလဲ အဆင့်မြင့်စွာနေရမယ်။ သူတစ်ပါးလက်ဝေခံဘဝမှ လွတ်မြောက်ရမယ်။ အို့ . . . နီ့အတွေးတွေအများကြီး။

(၃)

နီ ဘွဲ့ရပြီ။ ဒီဘွဲ့တစ်ခုနဲ့ နီ့ရှေ့ရေး မျှော်လင့်သလိုဖြစ်မလာနိုင်သေး။ အစိုးရအလုပ်ကို လုပ်ခွင့်ပြုမှာမဟုတ်။ ကိုကိုက သားအကြီးဆုံးပေမဲ့ သူတို့ထုံးစံအတိုင်း ပွဲရုံဦးစီးနေပြီး အမေမှ အမေ။ အမေစီမံခန့်ခွဲသမျှ အမေ့ဩဇာလောင်းရိပ်ထဲက ရုန်းမထွက်သူ။ ပွဲရုံကရသမျှငွေ အမေအပ်ရသူ။ နီ့သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး ဂျပန်စကားပြောသင်တန်းဆက်တက်ခဲ့ပါပြီ။ အိမ်ကရှိသမျှအလုပ်သိမ်းကျုံးလုပ်ပြီး အားမာန်အပြည့်နဲ့စာတွေကျက်။ သူတို့ကြည်ဖြူအောင်လုပ်ရသေးတာ ဒါမှသင်တန်းကို ဖြောင့်ဖြောင့်တက်လို့ရမှာလေ။ ဂျပန်စကားပြောသင်တန်းအောင်ပြီးနောက်မှာတော့ ကိုယ့်အပေါ် နားလည်မှုပေးတဲ့သူငယ်ချင်းနဲ့အတူ စာမေးပွဲတွေလိုက်ဖြေ။ ကြာတော့လဲ ကြိုးစားမှုအသီးအပွင့်အဖြစ် အလုပ်နဲ့ဂျပန်ထွက်ခွင့်ရတယ်။ သားကိုတော့ ယောက်မတွေနဲ့ပဲထားခဲ့ရမယ်။ အခုချိန်မှာ သားလေးနားမလည်သေးပေမဲ့ နောင်တစ်ချိန်မှာတော့ သားလေး မေမေ့အပေါ် နားလည်မှာပါ သားရယ်။

ယောကျ်ားလေးဖြစ်တဲ့အတွက် ယောက်မအပျိုကြီးတွေက သိပ်ချစ်လို့တော်ပါသေးတယ်။ ယောကျ်ားကိုတော့ ငွေတွေပို့ပေးမယ်ဆိုပြီး ပျားရည်နဲ့ဝမ်းချ၊ သနားအောင် မျက်ရည်တွေကျပြီး ခွင့်တောင်းခဲ့ရတာပေါ့။ ဘယ်နှကြိမ်ရယ်လို့ မရေတွက်နိုင်အောင် ခွင့်တောင်းခဲ့ရပြီးနောက်မှာတော့ နီ့အကြံအောင်ခဲ့ရပါပြီ။ နီ့မိဘတွေကတော့ သမီးအတွက် ဝမ်းသာဝမ်းနည်း။ "လေတံခွန်လေးလိုပဲ မိုးပေါ် ထိပျံချင်ရင်တော့ ပျံနိုင်သမျှမြင့်မြင့်ရောက်အောင်ပျံပြလိုက်စမ်းပါ။ ဖေဖေနဲ့မေမေကတော့ သမီးဘက်ကအားပေးနေမဲ့သူတွေ"တဲ့။ ဂျပန်မှာ သုံးနှစ်ထိ နီအလုပ်လုပ်ရင်း ကိုကို့ကိုငွေပို့ပေးခဲ့ပါတယ်။ ဒါပေမဲ့ နီ့ကို ကံကြမ္မာက မျက်နှာသာမပေးခဲ့ပါဘူး။ ကိုကို သစ္စာမရှိဘူး။ နီပို့ခဲ့တဲ့ငွေတွေနဲ့ သူဌေးဂိုက်ဖမ်းရင်း အချိုရှာခဲ့သူကိုကို သကာတွေ့သွားခဲ့ပါပြီ။ ကိုကို မိန်းကလေးတစ်ယောက်နဲ့လက်ထပ်သွားပြီတဲ့။ ရက်စက်လိုက်တာ။ နီ့မှာလေ မိဘတွေတောင် ငွေမပို့ဘဲ။ သားအတွက်၊ ယောကျ်ားအတွက်ဆိုပြီး အယုံကြီးယုံ၊ အမျှော်လင့်ကြီးမျှော်လင့်၊ အိပ်မက်အကြီးကြီးထား၊ အပျော်ကြီးပျော်ခဲ့ရသမျှ လုပ်ရက်လိုက်တဲ့၊ လုပ်ချလိုက်ပါတဲ့ကိုကို။ ဖေဖေတို့၊ မေမေတို့ရဲ့ လေတံခွန်လေးကလေ အခုတော့ ကြိုးမျှင်မျှင်လေးသာကျန်နေတော့တဲ့၊ ရစ်ဘီးမရှိတော့တဲ့ လေတံခွန်လေးလိုပါ။ အားပေးနေတဲ့ ဖေဖေတို့၊ မေမေတို့ ဆက်ပြီးရပ်တည်တည့်မတ်ပေးမှ ပျံသန်းနိုင်ပါတော့မယ်။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း အိပ်မက်တွေအားလုံးထဲမှာ နီ့မိဘတွေမပါခဲ့မိဘူး။ တစ်ခုခုဆို-

"သမီးလေးအဆင်ပြေရဲ့လား။ မပြေရင် မေမေ့ကိုပြောနော်"

"သမီး ဖေဖေတို့အိမ် ညအိပ်လဲရတယ်။ ခဏခဏလာလည်ပါသမီးရယ်။ ဖေဖေတို့၊ မေမေတို့ အပြည့်အဝပေးနိုင်တာ မေတ္တာပါသမီးရယ်။ အခက်အခဲရှိရင် ဖေဖေတို့ကိုပြော သမီးဘေးမှာအမြဲရှိနေမယ်"

အဲဒီလို နီ့ကိုပြောရင် ရယ်သွမ်းသွေးပြီး-

"မေမေတို့က ဘာတတ်နိုင်မှာမို့လို့လဲ"

"ဖေဖေရယ် နေပါ ထားပါ"ဆိုပြီး အပိုစကားတွေလာပြောသူတွေအဖြစ်နဲ့ မိုက်လုံးကြီးစော်ကားခဲ့မိတာအမှန်။ နီ့အမှားတွေကို တရေးရေးပြန်မြင်လာခဲ့ပါပြီ။ မိဘဆင်းရဲလို့ဆိုပြီး မိဘတွေကို ပြန်ပြီးရှာဖွေကျွေးမွေးပံ့ပိုးဖို့မစဉ်းစား ခြေစုံကန်ပြီး ကိုယ်လွတ်ရုန်းထွက်ခဲ့မိတယ်။ ခလုတ်ထိမှ အမိတ၊ ဒုက္ခကြုံမှ အမိအဖ သတိရ။ မိဘတွေဟာလဲ သားသမီးတွေကို ပါးစပ်ကထုတ်မပြောပေမဲ့ ကောင်းစားစေချင်ကြမှာပဲ။

(၄)

နီ မှားပြီ။ နီ တစ်ကိုယ်ကောင်းဆန်ပြီး ပြည့်စုံချမ်းသာလိမ့်မယ်ဆိုတဲ့အတွေးနဲ့ ပွဲရုံပိုင်ရှင်သားကိုကို့ကိုလက်ထပ်ခဲ့မိတယ်။ အေးမြတဲ့မိဘမေတ္တာရိပ်အောက်ကနေ အတောင်မစုံသေးဘဲ၊ ကြွေးဟောင်းကျေအောင်မဆပ်ခဲ့ဘဲ ပူလောင်ကျပ်တည်းတဲ့၊ အထင်သေးခါးသီးလှစွာသော မျက်လုံးများစွာရှိတဲ့ အကျဉ်းထောင်ထဲတိုးဝင်ခဲ့မိတယ်။ ငရဲပန်းကိုမှ ရွှေပန်းလှလှလေးမှတ်ပြီး ပန်ဆင်ခဲ့မိတယ်။

ဒီနေ့ကစပြီး နီ့မိဘတွေကို ပြည့်ပြည့်စုံစုံနဲ့ ရွှေပေါ်မြတင် တိုက်ကြီးတာကြီးနဲ့ လိုလေသေးမရှိထားမယ်။ သားလေးကိုလဲ ဖေဖေတို့၊ မေမေတို့နဲ့နေစေပြီး မြေတောင်မြှောက်ပေးမယ်။ နီခံစားခဲ့ရသမျှ၊ နာကျင်ခါးသီးစွာကြုံတွေ့ခဲ့ရသမျှတွေဟာ နီ့ဘဝရဲ့ မောလျခက်ခဲစွာ၊ ပင့်သက်ရှိုက်မောစွာတက်ခဲ့ရတဲ့၊ လှမ်းခဲ့ရတဲ့ ဘဝလှေကားထစ်တွေပဲလို့ စွဲမှတ်ယူရင်း အတိတ်တွေကို ပြည့်ဖုံးကားချလိုက်ပါတော့မယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ယောကျ်ားယူမိပြီး ဒုက္ခရောက်တော့မှ မိဘကိုသတိရမိ၊ တမ်းတမိရတဲ့ ကျွန်မမယ်နီရဲ့ ဘဝတစ်စိတ်တစ်ပိုင်းလေးပါပဲ။

(၅)

အခုတော့ နီ့သားလေးအရွယ်ရောက်ပြီး ပညာတတ်လူလိမ္မာတစ်ယောက်ဖြစ်ခဲ့ပါပြီ။ နီလဲ မြန်မာနိုင်ငံမှာရှိတဲ့ ဂျပန်ကုမ္ပဏီဌာနခွဲတစ်ခုရဲ့ အရေးပါအရာအရောက်ဆုံးသောသူ။ နီ့မိဘတွေကိုတော့ လိုလေသေးမရှိပြုစုစောင့်ရှောက်ခွင့် ရရှိခဲ့ပါတယ်။ အတိတ်တစ်ချိန်က သောကတွေနဲ့နစ်မွန်းလို့ ရီဝေမှောင်မိုက်ခဲ့တဲ့နေ့စွဲတချို့နဲ့ နီ့နောင်တတွေဟာ အခုတော့ တိမ်ကင်းစင်တဲ့လလို ထွန်းလင်းခြင်း အပြည့်နဲ့ပေါ့။

# ရာစုနှစ်အတွင်း အဆိုးရွားဆုံးရေဘေးဖြင့်ရင်ဆိုင်နေရသည့်အီတလီကို အီလွန်မက်စ်ကူညီမည်



**ရောမ မေ ၂၂**

အီတလီနိုင်ငံတောင်ဘက်ပိုင်းတွင် မေ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိပြီး ဒေသခံဦးရေ ၃၆၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရခြင်းကြောင့် Space-X အာကာသနည်းပညာကုမ္ပဏီပိုင်ရှင် သူဌေးကြီးတစ်ဦးဖြစ်သူ အီလွန်မက်စ်က အီတလီနိုင်ငံကို ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု France24 သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီလွန်မက်စ်သည် အီတလီငွေကြေးဝန်ဆောင်မှုဦးပိုင်ကုမ္ပဏီနှင့်ပူးပေါင်းကာ ရေဘေးသင့်အီတလီပြည်သူများကို ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် အမ်မီလီယာ-ရိုမက်နာနယ်မြေတွင် အဓိကဖြစ်ပွားနေခြင်းဖြစ်ပြီး ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏမှာ ယူရိုဘီလီယံနှင့်ချီရှိနေကာ စိုက်ပျိုးမြေအမြောက်အမြားလည်း ပျက်စီးနေကြောင်း၊ သေဆုံးသူ ၁၄ ဦးထိရှိနေပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အီတလီဝန်ကြီးချုပ်ကိုယ်တိုင်ဦးဆောင်နေကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ဆိုးရွားတဲ့ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ အီတလီပြည်သူတွေကို Space-X၊ Starlink၊ Tesla ကုမ္ပဏီတို့အနေနဲ့ အတတ်နိုင်ဆုံးကူညီပေးသွားမယ်။ ကူညီနိုင်တဲ့ကဏ္ဍကနေ အကောင်းဆုံးကူညီပေးသွားမယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေသာမက ရေဘေးသင့်ပြည်သူတွေကိုပါ ကူညီပေးသွားပါမယ်"ဟု Space-X အာကာသနည်းပညာကုမ္ပဏီပိုင်ရှင် သူဌေးကြီးတစ်ဦးဖြစ်သူ အီလွန်မက်စ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုအခြေအနေဆိုးရွားသည့် ဧရိယာများတွင် နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားပြီး အသက်အန္တရာယ်မရှိသည့် နေရာများတွင်နေထိုင်သည့်ဒေသခံများမှာလည်း လျှပ်စစ်မီးပြတ်တောက်မှုဖြင့်ရင်ဆိုင်နေရကြောင်း၊ အီလွန်မက်စ်သည် ရေဘေးအန္တရာယ်ကယ်ဆယ်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် ကိစ္စရပ်များတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# အင်္ဂလန်နိုင်ငံတွင် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေသဖြင့် တာဝန်ခံရေကုမ္ပဏီကို ဒေသခံများဆန္ဒထုတ်ဖော်

**လန်ဒန် မေ ၂၂**

အင်္ဂလန်နိုင်ငံ ဘရိုက်တန်မြို့တွင် ကမ်းခြေဧရိယာများ၌ ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေပြီး အဆိုပါရေထုညစ်ညမ်းမှုမှာ တာဝန်ခံရေကုမ္ပဏီ၏ ရေဆိုးရေညစ်စွန့်ပစ်မှုစနစ် ကောင်းမွန်ခြင်းမရှိသောကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သဖြင့် မေ ၂၀ ရက်က ဒေသခံဦးရေထောင်နှင့်ချီ၍ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း Mirror သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘရိုက်တန် အာဏာပိုင်အဖွဲ့အစည်းက တာဝန်ပေးထားသည့် တာဝန်ခံရေကုမ္ပဏီကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်နှင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေသော ကမ်းခြေများကို သန့်ရှင်းရေးပြုလုပ်ပေးရန် ဆန္ဒထုတ်ဖော်ခဲ့ကြသော ဘရိုက်တန်ဒေသခံများက တောင်းဆိုခဲ့ကြောင်း၊ ဘရိုက်တန်အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ရွေးကောက်ပွဲနီးလာပြီဖြစ်သဖြင့် ပြည်သူများ၏ဆန္ဒကို အလေးထားရန် လိုအပ်နေပြီဖြစ်ရာ ရေတာဝန်ခံကုမ္ပဏီကို တစ်စုံတစ်ရာစစ်ဆေးမှုပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

"ရေဆိုးရေညစ်တွေကို မြစ်အတွင်းစွန့်ပစ်တာ စိတ်ပျက်စရာကောင်းပါတယ်။ ဒီလိုလုပ်ရပ်တွေကို ကျွန်တော်တို့ဆန့်ကျင်ပါတယ်။ ရေဆိုးရေညစ်တွေကို မြစ်အတွင်းစွန့်ပစ်နေတာကို အမြန်ဆုံးရပ်တန့်ပေးဖို့ ကျွန်တော်တို့တိုက်ပွဲဝင်သွားပါမယ်"ဟု ဆန္ဒထုတ်ဖော်သူရေလွှာလျှောစီးသမား အစ်ဗီရို့စ်က ပြောကြားခဲ့သည်။

ဘရိုက်တန်ကမ်းခြေ တောင်ဘက်ပိုင်းတွင် ရေလွှာလျှောစီးသူဦးရေ ၂၀၀ ခန့်ကလည်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိပြီး ဒေသခံများစုရုံးကာ ကမ်းခြေတစ်လျှောက်တွင်လည်း ဆန္ဒထုတ်ဖော်မှုများပြုလုပ်လျက်ရှိကြောင်း၊ ဆန္ဒထုတ်ဖော်သူများက ၎င်းတို့၏ဆန္ဒများကို ရေးသားထားသော ဆိုင်းဘုတ်များကိုကိုင်ဆောင်၍ စုဝေးဆန္ဒထုတ်ဖော်နေပြီး ၎င်းတို့၏ အဓိကဆန္ဒမှာ ဘရိုက်တန်ကမ်းခြေရေထုညစ်ညမ်းမှုကို အမြန်ဆုံးဖြေရှင်းပေးရန်နှင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေမှုကို ကာကွယ်ပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ပါကစ္စတန်နိုင်ငံ လာဟိုးမြို့က ကမ္ဘာ့လေထုအရည်အသွေး စတုတ္ထအဆိုးရွားဆုံးမြို့အဖြစ်ရောက်ရှိ

**အစ္စလာမ်မာဘတ် မေ ၂၂**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် မေ ၂၁ ရက်က မိုးရွာသွန်းခဲ့သည့်တိုင်အောင် လေထုအရည်အသွေးမှာ ဆိုးရွားလျက်ရှိပြီး ကမ္ဘာ့လေထုအရည်အသွေး စတုတ္ထအဆင့်အဆိုးရွားဆုံးမြို့တော်အဖြစ် ယနေ့တွင် ရောက်ရှိခဲ့ကြောင်း ကနေဒါနိုင်ငံအခြေစိုက် လေထုစောင့်ကြည့်ရေးအဖွဲ့ဖြစ်သော UNB အဖွဲ့မှထုတ်ပြန်သော သတင်းများကို ကိုးကား၍ Prothom Alo English သတင်းဌာနက ရေးသားဖော်ပြထားသည်။

အာရှနိုင်ငံများထဲမှ ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် လေထုညစ်ညမ်းမှုညွှန်းကိန်း ၁၉၈ ဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံ ရှန်ယန်းမြို့တွင် ၁၇၄ ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၁၆၀ တို့ဖြင့်လည်းကောင်း လေထုညစ်ညမ်းမှု အဆင့်လိုက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

လေထုညစ်ညမ်းမှု ညွှန်းကိန်းတန်ဖိုး ၁၀၁ နှင့် ၁၅၀ ကြားသည့် လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ထိခိုက်မခံသောအုပ်စုများအတွက် ကျန်းမာရေးနှင့်မညီညွတ်ဟု သတ်မှတ်ထားပြီး ၁၅၁ နှင့် ၂၀၀ ကြားသည် ကျန်းမာရေးနှင့်မညီဟု သတ်မှတ်ထားရာ အဆိုပါဒေသတွင် နေထိုင်သူများအတွက် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်လျက်ရှိကြောင်း သိရသည်။

ဒါကာမြို့၏ လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ အမှုန်အမွှားများ PM 2.5 နှင့် PM 10 တို့အပြင် လေထုအတွင်း နိုက်ထရိုဂျင်ဓာတ်ငွေ့၊ ကာဗွန်ဓာတ်ငွေ့၊ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် အိုဇုန်းဓာတ်ငွေ့ ပါဝင်မှုတို့ပေါ်တွင် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဒါကာမြို့သည် လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ကာလကြာရှည် ပြဿနာများဖြင့် ရင်ဆိုင်နေရပြီး သေဆုံးမှုနှင့် မသန်စွမ်းမှုများအတွက် အမြဲတစေသက်ရောက်လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဆိုအရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်းနှစ်စဉ် လူခုနစ်သန်းခန့် သေဆုံးလျက်ရှိကြောင်း သိရသည်။

**AZH**



# မီးတောင်အတွင်းမှချော်ရည်ပေါက်ထွက်မှုကြောင့် ယာယီပိတ်ထားသောလေဆိပ်များပြန်လည်ဖွင့်လှစ်

**မက္ကဆီကိုစီးတီး မေ ၂၂**

မက္ကဆီကိုနိုင်ငံ ပိုပိုကာတီပယ်လ်မီးတောင်သည် မေ ၁၈ ရက်က ချော်ရည်ပေါက်ထွက်မှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှပေါက်ထွက်ခဲ့သောချော်ရည်ငွေ့များသည် နေရာအနှံ့ ပျံ့နှံ့ရောက်ရှိခဲ့သဖြင့် ချော်ရည်ငွေ့များ ပျံ့နှံ့ရောက်ရှိသည့်ဒေသများရှိ လေဆိပ်များကို ယာယီပိတ်ခဲ့ရာ မေ ၂၀ ရက်က ချော်ရည်ငွေ့များ ပျံ့နှံ့မှုကျဆင်းခဲ့ပြီး မီးတောင်ပေါက်ကွဲမှုအခြေအနေလည်းတည်ငြိမ်သွားခဲ့သဖြင့် ယာယီပိတ်ထားသည့် လေဆိပ်များကို ပုံမှန်အတိုင်း ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မီးတောင်အတွင်းမှ ချော်ရည်ငွေ့ပေါက်ထွက်မှုကြောင့် ဘီနိုတိုဂျူရက်ဇ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားခဲ့၍ ခရီးသည်များ လေဆိပ်အတွင်းပိတ်မိနေခဲ့ရာမှ မေ ၂၀ ရက် ခရီးစဉ်များဖြင့် လိုက်ပါသွားနိုင်ခဲ့ပြီဖြစ်သည်။

"လေဆိပ်အတွင်း ပျံ့နှံ့ရောက်ရှိလာတဲ့ ချော်ရည်ငွေ့တွေကို ရှင်းလင်းမှုတွေ ပြုလုပ်ခဲ့ရပါတယ်။ ရှင်းလင်းမှုပြုလုပ်နေတဲ့ ကာလအတွင်း လေဆိပ်ကိုယာယီပိတ်ထားခဲ့ရတယ်။ ချော်ရည်ငွေ့ရှင်းလင်းတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပြီးသွားတော့ မေ ၂၀ ရက် နံနက် ၁၀ နာရီမှာ ခရီးစဉ်တွေကို ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲစေခဲ့ပါတယ်"ဟု ဘီနိုတိုဂျူရက်ဇ် အပြည်ပြည်ဆိုင်ရာလေဆိပ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပိုပိုကာတီပယ်လ် လေဆိပ်သည် ၁၉၉၄ ခုနှစ်နောက်ပိုင်း သက်ဝင်လှုပ်ရှားလာသည့် မီးတောင်ဖြစ်ပြီး မက္ကဆီကိုမီးတောင်ဆိုင်ရာသုတေသီများက ပိုပိုကာတီပယ်လ်မီးတောင်ကို အချိန်ပြည့်စောင့်ကြည့်ခဲ့ကြောင်း၊ မီးတောင်အနီးတွင် ကင်မရာများနှင့် ဆင်ဆာများတပ်ဆင်ကာ မီးတောင်အတွင်းလှုပ်ရှားမှုများကို အချိန်ပြည့်စောင့်ကြည့်ခဲ့ပြီး ထူးခြားမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ပေးလျက်ရှိကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ဥဇဘက်ကစ္စတန်၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရန် ဆော်ဒီအာရေဗျ စွမ်းအင်ကုမ္ပဏီက နည်းပညာပံ့ပိုးမည်

**တက်ရှ်ကင့် မေ ၂၂**

ဥဇဘက်ကစ္စတန်နိုင်ငံရှိ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစိမ်းရောင်ဟိုက်ဒရိုဂျင် ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ကူညီပေးရန် ဆော်ဒီအာရေဗျနိုင်ငံရှိ စွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီက နည်းပညာပံ့ပိုးသွားမည်ဖြစ်ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံစွမ်းအင်အဖွဲ့အစည်းက ထုတ်ပြန်သောသတင်းများကို ကိုးကား၍ Energy Digital သတင်းဌာနက မေ ၂၁ ရက်တွင် ရေးသားဖော်ပြထားသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် အခြားစက်မှုလုပ်ငန်းစီမံကိန်းများကို ဖွံ့ဖြိုးတိုးတက်စေရေး ဆော်ဒီအာရေဗျနိုင်ငံ အခြေစိုက် ACWA Power စွမ်းအင်ကုမ္ပဏီနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ ဓာတုပစ္စည်းဆိုင်ရာ အမျိုးသားဦးပိုင်ကုမ္ပဏီ Uzakimyosanoat (UKS) တို့က မေ ၁၆ ရက်မှ မေ ၁၈ ရက်ထိကျင်းပသော ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥရောပဘဏ် EBRD 2023 နှစ်ပတ်လည် အစည်းအဝေးနှင့် စီးပွားရေးဖိုရမ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

"ဒီပူးပေါင်းဆောင်ရွက်မှုက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပစ်မှတ်ကိုအောင်မြင်စေဖို့အတွက် အရေးပါတဲ့ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်" ဟု ဥဇဘက်ကစ္စတန်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Sarvar Khamidov က ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းကို အဆင့် နှစ်ဆင့်ဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ဟိုက်ဒရိုဂျင်ထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ဥရောပဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံကိန်းက ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဥဇဘက်ကစ္စတန်နိုင်ငံ စွမ်းအင်ကဏ္ဍ၌ ကာဗွန်သုံးစွဲမှု ၃၅ ရာခိုင်နှုန်းလျှော့ချသွားနိုင်ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**AZH**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

➤ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။

➤ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသနှင့် ပဲခူးတိုင်းဒေသကြီး၌ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် အစားထိုးပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးမည်



ဖြူးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

**နေပြည်တော် မေ ၂၂**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသနှင့်ပဲခူးတိုင်းဒေသကြီး၌ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် အစားထိုးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ မေ ၂၂ ရက်သတင်းများအရ သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး(အရှေ့)ခြမ်းဒေသ၊ အနောက်ခြမ်းဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေများဖြင့် 66KVနှင့် 33 KV ဓာတ်အားလိုင်းများ သွယ်တန်းခြင်းနှင့် အစားထိုးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့)ခြမ်းဒေသတွင် ဇေယျာဝတီဓာတ်အားခွဲရုံမှ ဖြူးဓာတ်အားခွဲရုံထိ လက်ရှိ 10 M Single Pole, Pin Type, ASCR 95 MM (၆ ဒသမ ၈ မိုင်)ကို 12M Single Pole, Pin Type, ACSR 477 MCM ဖြင့် အစားထိုးပြုပြင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ဒေသတွင်လည်း အရှည် တစ်မိုင်ရှိ 66KV ကြို့ပင်ကောက် ဓာတ်အားလိုင်းကိုလည်း သွယ်တန်းပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသတွင်132/ 66KV ကလောပင်မဓာတ်အားခွဲရုံမှ နောင်တရားသို့ 66KV ဓာတ်အားလိုင်း ၂၇ ဒသမ ၂၃ မိုင်မှ မိုင် ၂၀ ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့)ခြမ်းဒေသ၊ အနောက်ခြမ်းဒေသနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသတို့တွင် ဆောင်ရွက်သွားမည့် 66KVနှင့် 33 KVဓာတ်အားလိုင်းများ သွယ်တန်းခြင်းနှင့် အစားထိုးပြုပြင်ခြင်းလုပ်ငန်းများအတွက် ၁၈ မီတာ၊ ၁၅ မီတာနှင့် ၁၂ မီတာကွန်ကရစ်တိုင်များ လိုအပ်မည်ဖြစ်သည်။

အဆိုပါဓာတ်အားလိုင်းသွယ်တန်းခြင်း၊ အစားထိုးပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လိုအပ်သောကွန်ကရစ်တိုင်များကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ် ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ SKL

## မိုင်းကိုင်မြို့နယ် ဖောင်းမိန်းကျေးရွာ၌ စိုက်ပျိုးရေးသင်တန်း ဖွင့်လှစ်

**မိုင်းကိုင် မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်းဖွင့်ပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက ဖောင်းမိန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းနည်းပြ ဆရာ၊ ဆရာမများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ဖောင်းမိန်းကျေးရွာ၊ ကွန်ပန်ကျေးရွာနှင့်မတ်လန်းကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးနည်း၊ စပါး၊ နေကြာသီးနှံမျိုးစေ့ထုတ်လုပ်နည်း၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်ခြင်း နည်းပညာများကို မေ ၂၁ ရက်မှ မေ ၃၀ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှိုုသန်းညွန့်**








## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| ၁။ | အငယ်တန်းစာရေး (ဘွဲ့ရ ကွန်ပျူတာကျွမ်းကျင်) | ကျား/မ | ၂ ယောက် |
| ၂။ | ရုံးအကူ (ဆယ်တန်းအောင်) | ကျား/မ | ၂ ယောက် |
| ၃။ | ကလေးထိန်း | မ | ၁ ယောက် |
| ၄။ | သန့်ရှင်းရေး | မ | ၁ ယောက် |

ဆက်သွယ်ရန်ဖုန်း- 09-969775224,09-966200015
Equal Construction & Decoration Co.,Ltd
မနော်ဟရီလမ်း၊ ၄၇×၄၈ကြား၊ တိုက်နံပါတ် M-4၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

## အမည်ပြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စလေဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ Grade-2 (အောင်)မှ (အဘ) ဦးဇော်ဝင်းအောင် (၈/မကန(နိုင်)၁၆၇၇၅၄)၏သား မောင်ပြည့်ဘုန်းခန့်အား မောင်ရွှေဘုန်းပြည့်စုံ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရွှေဘုန်းပြည့်စုံ**

## မိဘအမည်မှန်

အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ Grade-8 (အောင်)မှ မောင်ရဲထွဋ်ကျော် ၏မိဘအမည်မှန်မှာ ဦးအောင်မျိုးဦး-ဒေါ်စုမေဝင်းမောင် ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးဦး(၁၃/ကမန(နိုင်)၀၆၈၇၆၂)**
**ဒေါ်စုမေဝင်းမောင်(၁၃/ကလန(နိုင်)၀၇၉၆၁၀)**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်နေ ရေဆိုဒါ (ခ) သဇင်ဦး (ဘ) ဦးမန်းဘဒူး (၉/မကန(နိုင်)၁၂၃၃၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-910678) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၄၃၄၄၁၈၁၂**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ အမှတ်(၁၁)ရပ်ကွက်နေ မခိုင်ဇင်မြင့် (ဘ) ဦးဖိုးစိန် (၉/မခန(နိုင်)၂၅၇၄၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-364691) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၇၇၆၆၄၇၀၃**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်သမန်ရွာနေ မအိအိမိုး (ဘ) ဦးမြင့်ဆွေ (၉/အမရ(နိုင်)၀၈၈၁၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-300103) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၇၆၆၆၅၅၈၄**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်သမန်ရွာနေ မလှဥမ္မာဖြူ (ဘ) ဦးမြင့်ဆွေ (၉/အမရ(နိုင်)၀၈၈၁၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-300104) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၇၁၃၄၉၆၉**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်သမန်ရွာနေ ဦးမြင့်ဆွေ (ဘ) ဦးသိန်းတန် (၉/အမရ(နိုင်)၀၆၄၄၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-300102) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၇၁၃၄၇၈၉**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နေ နိုင်စိုး (ဘ) ဦးဖိုးပြုံး (၉/မခန(နိုင်)၁၉၀၇၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-276546) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၄၁၂၅၈၆၄**

## ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ နှစ်ကျပ်ခွဲကျေးရွာနေ မောင်ဖိုးကောင်း (ဘ) ဦးမာကျော (၉/ကပတ(နိုင်)၂၁၄၆၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-374185) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၂၃၃၈၇၂၀**

### ပျောက်ဆုံးကြောင်း

ငပုတောမြို့နေ အောင်ကိုမင်း (ဘ) ဦးကုလားနက် (၁၄/ငပတ(နိုင်)၁၇၉၁၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-000694)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၅၇၇၇၆၃၄၀**

### ပျောက်ဆုံးကြောင်း

ငပုတောမြို့နေ ဖူးဖူးမောင် (ဘ) ဦးမောင်မောင်ရွှေ (၁၄/ငပတ(နိုင်)၁၇၃၆၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-000691)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၅၇၇၇၆၃၄၀**

### ပျောက်ဆုံးကြောင်း

ဘေးဒရိုမြို့နေ ကျော်မင်းဆွေ (ဘ) ဦးအေးမြင့်ဝင်း (၁၄/ဒဒရ(နိုင်)၁၉၀၇၅၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-323458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၄၇၇၅၉၃၉**

### ပျောက်ဆုံးကြောင်း

လပွတ္တာမြို့နေ နှင်းဝေလွင် (ဘ) ဦးမောင်တင့် (၁၄/လပတ(နိုင်)၂၅၃၇၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-912686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၆၁၅၇၀၅၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉-က)၊ ဦးပိုင်အမှတ် (ဈ/၆+၇)နေ ဒေါ်သီတာထွေး (၉/မနမ(နိုင်)၀၀၀၅၁၈) ကိုင်ဆောင်သူ၏ သစ်ချောထည်လုပ်ငန်း၏ လုပ်ငန်းလိုင်စင်အမှတ်-၂၃၃၇/၁၂ (၂၀၂၁-၂၂)မူရင်းလိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် ထပ်မံ၍ အသစ်လျှောက်ထားမည်ဖြစ်ကြောင်း ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာထွေး(၉/မနမ(နိုင်)၀၀၀၅၁၈)**
**ဦးပိုင်(ဈ/၆+၇)၊အကွက်(၅၈၉-က)၊ထိန်ကုန်းရပ်ကွက်၊ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။**

## အမည်ပြောင်း

မဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ Grade-7(အောင်)မှ (အဘ) ဦးစံဖြိုးအောင် (၉/မနမ(နိုင်)၁၁၈၁၂၆)၏သမီး မအေးမွန်စံ အား မအေးမွန်ဖြိုး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးမွန်ဖြိုး**

## အမည်ပြောင်း

မဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ Grade-1(အောင်)မှ (အဘ) ဦးစံဖြိုးအောင် (၉/မနမ(နိုင်)၁၁၈၁၂၆)၏သမီး မယမင်းစံ အား မယမင်းဖြိုး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မယမင်းဖြိုး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့၊ ကျန်တန်းရပ်ကွက်၊ တိုးချဲ့(၁)နေ ကျွန်တော် ဦးဇော်မင်းနိုင် ၏သားဖြစ်သူ **မောင်မင်းခန့်ကျော် (ခ) ဂျစ် (၉/အမရ(နိုင်)၁၉၀၅၆၂)** သည် မိဘနှင့်ဆွေမျိုးများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၄-၅-၂၀၂၂ ရက်နေ့တွင် ၎င်းသဘောဆန္ဒအရ နေအိမ်မှ ထွက်ခွာသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
**ဦးဇော်မင်းနိုင် (၉/မထလ(နိုင်)၀၁၅၄၄၅)**

### ပျောက်ဆုံးကြောင်း

ဖလွန်မြို့နေ ကောင်းမြတ်အောင် (ဘ) ဦးလှဦးနိုင် (၁၄/ဖလန(နိုင်)၁၉၇၀၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-605354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၇၉၄၀၄၅၉၁**

### ပျောက်ဆုံးကြောင်း

ငပုတောမြို့နေ နန်းဦးရွှေ (ဘ) ဦးမြပုတ် (၁၄/ငပတ(နိုင်)၂၉၀၇၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-602815)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၅၂၀၂၃၈၆**

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ မောင်စိုးထက်ဝေ (ဘ) ဦးထွန်းမြင့်အေး (၁၄/ကပန(နိုင်)၂၀၈၇၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-684250)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၀၄၈၂၀၃၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၅.၁.၂၀၂၃**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက် အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရန် ဖန်တီးပေးရမည်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို ပဲခူးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့မိ မြို့ဖများ၊ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

